စိတ်တူးချိုချိုအနုပညာ

# မောင်သိန်းဆိုင်

# ပဒ္မာဆန်သောမိန်းကလေး



အကယ်၍ စုစုမာနှင့် ကြုံဆုံရခြင်းမျိုးသာ ဖြစ်ပျက်ပေါ်ပေါက်လာလာခြင်း မရှိခဲ့လေလျှင် ကိုကိုလေး၏ ဘဝမှာ ရာနှုန်းပြည့်ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာဖြစ်နေမည်မှာ မလွဲမသွေနိုင်ပါပေ။

စင်စစ်တွင် ဤစုစုမာနှင့် ကြုံဆုံခြင်းမရှိသေးခင်က သူ၏ ဘဝသည် ကန်ရေမျက်နှာပြင်နှယ် တည်ငြိမ်သည် ။ အလှုပ်အရှား၊ အပြောင်းအလွဲနည်းပါးခဲ့သည် ။

စုစုမာနှင့် ကြုံဆုံပြီးသည် ၏ နောက်ပိုင်းတွင် မူ သူ၏ ဘဝမှာ သမုဒ္ဒရာဆန်လာသည် ။ မတည် မကြည်၊ မငြိမ်မသက်ရှိခဲ့ရသည် ။ တစ်စုံတစ်ခုသောအကြောင်းရပ်ပေါ်၌ သတ္တုချအပြစ်တင်၍ ရနိုင်မည် မဟုတ်သော်လည်း မိုးစဲစတစ်ညဝယ် စတင်ခဲ့လေသောကြောင်းရာဖြစ်ပျက်များကြောင့် ထိုညကိုပင် စောကြောအပြစ်တင်ရမလို ရှိနေသည် ။

အကြောင်းမူ၊ မိုးစဲစတစ်ညတွင် သူသည် စုစုမာအား စတင်တွေ့ရှိခဲ့ရလေသောကြောင့်။

***

ဇာတ်ခုံတစ်ခုပေါ်ဝယ် ရုတ်တရက် မီးမောင်းများ လင်းလာကာ ဇာတ်ဆောင်မင်းသမီးကို ရုတ်ခြည်းမြင်တွေ့လိုက်ရသည့်ပမာ ဖြစ်ပါသည် ။ မော်တော်ကားရှေ့ မီးရောင်များက သူမအား အမှောင် ကမ္ဘာအတွင်းမှ ရုတ်တရက်ပေါ်ထွက်လာစေပါသည် ။

နေရာမှာ ပြည်လမ်းမ။ အချိန်မှာ မိုးစဲစ ညတစ်ည။

စောစောပိုင်းက မိုးသဲသဲမဲမဲ ရွာချခဲ့သည် ။ လေကလည်း အဟုန်ပြင်းစွာ တိုက်ခတ်ခဲ့ပြီး သစ်ကိုင်း တို့ ဓာတ်ကြိုးပေါ်သို့ကျခဲ့ဟန်တူသည် ။ လမ်းမီးများ ငြိမ်းသွားခဲ့သည် ။ ပြည်လမ်းတစ်လျှောက်မှာ အမှောင်နှင့် မည်းမည်းဖြစ်နေသည် ။ မိုးစဲပြီးသည့်တိုင် မီးများ ပြန်လင်းမလာသေး။

လမ်းမှာ မိုးရေကြောင့် ချောနေပြီး လမ်းမီးများကလည်း ငြိမ်းနေသည် ဖြစ်၍ ကိုကိုလေးသည် ကားကို ဂရုစိုက်မောင်းနှင်လာရလေသည် ။

လေယာဉ်ကွင်းသို့သွားရာလမ်းဆုံမှ အလွန်တွင် ကားတစ်စီးနှင့် မိန်းမပျိုတစ်ယောက်ကို စတင် တွေ့ရှိရသည် ။

လမ်းဘေးမှာ ကားလေးတစ်စီးရပ်နေသည် ။ ကားမှာ ဟေလ်မင်အမျိုးအစားဖြစ်သည် ။ ပုံစံရိုးကာ အတော်ကြီးဟောင်းနွမ်းသည် ။ ယင်းကား၏ နံဘေးတွင် အမျိုးသမီးတစ်ယောက်ရပ်နေသည် ။ ကိုကို လေး၏ ကားကို လက်ပြတားဆီးနေသည် ။

အခြားအချိန်မျိုးသာဆိုပါက ကိုကိုလေးသည် ကားကိုရပ်ပေးမိမည် မဟုတ်ပေ။ သို့မဟုတ် မိန်းမသားတစ်ယောက်မဟုတ်ဘဲ ယောကျ်ားသနာသာဆိုပါက ဆက်လက်မောင်းနှင်လာမိမည်သာ ဖြစ် လေသည် ။

ယခုလိုပင် လမ်းမှ ကားကိုတားဆီးလျက် ခရီးသွားဟန်လွှဲလိုက်ပါလာရင်း လုယက်တတ်ခြင်း မျိုး မကြာခဏဖြစ်ပျက်ခဲ့ဖူးသည် မဟုတ်

လား။

ယခုမူ ဆယ့်နှစ်နာရီဆိုသော ကာလပယောဂ ကိုးမိုင်ကဲ့သို့သော လူသူပြတ်လပ်သည့် ဒေသပ ယောဂ၊ အမျိုးသမီးဟူသော ပုဂ္ဂိုလ်ပယောဂ တို့ ကြောင့် ကားကို ရပ်ပေးခဲ့မိခြင်းဖြစ်သည် ။

မော်တော်ကားမီးရောင်ဖြင့်ပင် အမျိုးသမီးတစ်ယောက်ဖြစ်သည် သာမကသေး၊ ချောမောလှပနေ သည် သာမကသေး၊ နုနယ်ငယ်ရွယ်သူဖြစ်နေသည် ကိုလည်း ကိုကိုလေး တွေ့ရှိရပေသည် ။

အမျိုးသမီးသည် ကိုယ်၌ နက်ပြာရောင်နိုင်လွန်မိုးကာကို ဝတ်ဆင်ထားသည် ။ ခေါင်းတွင် မူ အဆောင်းအကာမပါပေ။ မိုးရေစိုထားသော ဆံပင်မှာ အထုံးအနှောင်ပြေလျက် ဖရိုဖရဲဖြစ်နေသည် ။

"ဒီမယ်ရှင်၊ တစ်ဆိတ်လောက် ကျွန်မကို ကူညီပါလားဟင်"

အမျိုးသမီးထံမှ အသံကိုကြားရသည် ။ စိုးရိမ်မှုကြောင့်ပင်ထင်သည် ။ အသံမှာ အရေးတကြီးနိုင် လျက် တုန်နေသည် ။

ကိုကိုလေးသည် မော်တော်ကားတံခါးကို ဖွင့်လိုက်သည် ။

ကိုကိုလေး၏ လက်မှ လက်ပတ်နာရီမှာ ဆယ့်နှစ်နာရီလေးဆယ့်ငါး မိနစ်ကို ပြညွှန်းလျက် ရှိသည် ။ စောစောက ပင်ပန်းနွမ်းနယ်ထားမှုကြောင့် လူမှာ လေးလံနေသည် ။ မလှုပ်ရှားချင်လောက် အောင်ဖြစ်နေသည် ။ သို့ရာတွင် ကိုကိုလေးသည် မော်တော်ကားပေါ်မှ မြေပြင်သို့ဆင်းသက်လိုက် ပါသည် ။ စင်စစ်တွင် လည်း မော်တော်ကားပျက်သည် ဆိုခြင်းမှာ ကိုကိုလေး၏ လုပ်ငန်းနှင့် များ စွာ ဆက်စပ်နေသည် ။

"ဘာဖြစ်လို့ လဲဟင်၊ ဘီးပေါက်သွားလို့ လား" ကိုကိုလေးက မေးသ

ည် ။

"ဘီးပေါက်တာတော့ မဟုတ်ပါဘူး။ ဘာဖြစ်မှန်းလည်း ကျွန်မမသိဘူး။ ကားက ရုတ်တရက် ထိုးရပ်သွားတာပါပဲ။ ဓာတ်ဆီကြောင့်လို့တော့ မထင်ပါဘူး၊ တိုင်ကီအပြည့် ဖြည့်ထားတာပါပဲ။ အင်ဂျင် ကပဲထင်ပါရဲ့ "

ကိုကိုလေးသည် အမျိုးသမီး၏ အသံကို ဂရုစိုက်နားထောင်မိသည် ။ အသံက ထူးခြားသည် ။ မိန်းကလေးတစ်ယောက်အနေနှင့်ဆိုလျှင် အသံကြီးသည် ဟု ဆိုရမည်ထင်သည် ။

အသံက ဝါဝါပွပွအမျိုးအစား။

ကိုကိုလေးသည် မော်တော်ကားခေါင်းအဖုံးကို မလိုက်သည် ။ ညှော်နံ့နံ့ရုံမျှနှင့်ပင် သူလိုချင်သော အဖြေကို ရရှိလိုက်ပေသည် ။ သူသည် အဖုံးကို ပြန်ချထားလိုက်သည် ။

"အစ်ဂနစ်ရှင်းလောင်သွားတာပဲ။ အဲဒါကိုပြင်မယ်ဆိုရင် အချိန်နှစ်ရက်လောက်ယူရလိမ့်မယ်"

ကိုကိုလေး၏ စကားကြောင့် အမျိုးသမီးမှာ စိတ်ပျက်လက်ပျက်ဖြစ်သွားသည် ။ ပြီးလျှင် ကိုကိုလေးအား မော့ကြည့်ကာ မယုံသင်္ကာအမူအရာမျိုးဖြင့် မေးလိုက်သည် ။ ။

"ဟုတ်ရဲ့ လားဟင်၊ ရှင် အသေအချာ ကြည့်ပြီးပြီလား"

"ကြည့်စရာမလိုပါဘူး။ အနံ့မရဘူးလား။ ဝါယာရှော့ဖြစ်ပြီး အစ်ဂနစ်ရှင်းလောင်ရင် ဒီအနံ့မျိုး ထွက်လာတာပဲ"

အမျိုးသမီးသည် ကိုကိုလေး၏ ပခုံးပေါ်မှ ကျော်ပြီး ကြည့်လိုက်သည် ။ ကိုကိုလေး၏ မော်တော် ကားနံဘေးမှ ဆေးအဖြူဖြင့် ရေးထားသ

ည့်စာတန်းသည် မော်တော်ကားမီးဖြင့် ရောင်ပြန်ဟပ်လျက် ရှိသည် ။

**ကိုကိုလေး**

**မော်တော်ကားပြင်အလုပ်ရုံ**

**ဗိုလ်မြတ်ထွန်းလမ်း၊ ရန်ကုန်မြို့။**

အမျိုးသမီးထံမှ ရယ်သံတစ်ချက် ထွက်ပေါ်လာသည် ။

"ကျွန်မကိုယ်ကျွန်မ အမြဲတမ်း ကံကောင်းတတ်တယ်ဆိုတာ အခု တော့ယုံပြီ။ လက်စသတ်တော့ ကားပျက်ပါတယ်ဆိုမှ မကြောင်းနစ်နဲ့ တန်းတိုးနေတော့တာကိုး"

အမျိုးသမီး၏ အသံမှာ ပေ့ါပေ့ါပါးပါးရှိလာသည် ။ လွင်လာသည် ။ ယခုမှ ပင် စိတ်အေးလက်အေး ဖြစ်သွားပုံရသည် ။

"မင်း တကယ်တမ်းကံမကောင်းပါဘူး။ ကိုယ့်အနေနဲ့ လောလောဆ ယ် ဘာမှ လုပ်ပေးနိုင်မှာ မဟုတ်ဘူး ။ ကားကို အနီးအနားမှာ အပ်ထား ရမှာ ပဲ။ ခုနကပြောသလိုပေ့ါ။ ဒါကိုပြင်ဖို့ ဆိုတာက အချိန်အများကြီး ယူရမှာ "

"ခုလို အချိန်မျိုးမှာ ဆိုရင် ဘယ်နေရာမှာ သွားအပ်ထားရမလဲ။ အိမ် တွေ အကုန်လုံးပိတ်ကုန်ပြီ၊ လူတွေလည်း အိပ်ကုန်လောက်ပြီ"

"မပိတ်သေးတဲ့ အိမ်၊ မအိပ်သေးတဲ့ သူကို ရှာရမှာ ပေ့ါ"

"ရှင်က မော်တော်ကားကို အခုအတိုင်းထားခဲ့ရမှာ ဝန်လေးလို့ ပြော နေတာလား။ ကိစ္စမရှိပါဘူး၊ ကားကိုဒီအတိုင်းပဲ ထားခဲ့တာပေ့ါ။ လော လောဆယ်မှာ ကျွန်မ အနားယူချင်တယ်၊ အိမ်ကိုပြန်ရောက်ချင် တယ်။

နောက်တစ်နေ့ကျမှ ကားကိုလူလွှတ်ယူခိုင်းလိုက်ပါ့မယ်"

"နောက်တစ်နေ့မှ ဆိုရင်တော့ မင်းရဲ့ ကားကို တစ်စစီလိုက်ကောက် ယူရမှာ ပဲ။ အခုလို ပစ္စည်းရှား တဲ့ ကာလမှာ လူတွေက ကားရဲ့ အစိတ်အပိုင်းတွေကို တစ်ခုချင်းဖြုတ်ယူကုန်မှာ အသေအချာပဲ"

"ဟုတ်ကဲ့၊ တစ်စစီ လိုက်ကောက်ယူရရင်လည်း ကိစ္စမရှိပါဘူး၊ ကားက ကျွန်မကားမှ မဟုတ်ဘဲ မိတ်ဆွေတစ်ယောက်ဆီက ငှားလာတာပါ"

"မင်းရဲ့ မိတ်ဆွေက စိတ်ဆိုးမှာ ပေါ့"

အမျိုးသမီးက ရယ်သွမ်းသွေးလိုက်သည် ။

"ဆိုးရင်လည်း ဆိုးပေါ့။ ကိစ္စမရှိပါဘူး။ ရှင့်အနေနဲ့ ကျွန်မကိုအိမ်လိုက်ပို့ပေးရင် သိပ်ကောင်း မှာ ပဲ။ ကျွန်မအိမ်က ရန်ကုန်ထဲတင်ပါ။ ရှင်တို့ လမ်းအနားတင်ပါ"

ကိုကိုလေး ဘာမျှမပြောတတ်တော့ပေ။

သူသည် အမျိုးသမီးအား စူးစိုက်ကြည့်သည် ။

"မင်းရဲ့ ဆန္ဒက ဒါပဲပေါ့"

အမျိုးသမီးက ခေါင်းညိတ်သည် ။

ကိုကိုလေးသည် သူ၏ မော်တော်ကားသို့ ပြန်လာခဲ့သည် ။ ယင်းအချိန်တွင် အမျိုးသမီးသည် မော်တော်ကားအတွင်းမှ ခရီးဆောင်အိတ်ဖြစ်ဟန်တူသော အိတ်ကြီးတစ်အိတ်ကို ဆွဲချနေပေသည် ။

ကိုကိုလေးသည် ဒရိုင်ဘာနေရာတွင် ဝင်ထိုင်လိုက်သည် ။ ပျက်နေသော မော်တော်ကားကို ကြည့်မိ သည် ။ သူ့စိတ်မှာ မသိုးမသန့်ဖြစ်လာ

မိသည် ။

အမျိုးသမီးက သူ့ဘေးတစ်ဖက်တွင် ဝင်ထိုင်လိုက်သည် ။

"ကားကို ဒီအတိုင်းထားခဲ့လို့ ဖြစ်ပ့ါမလား။ လမ်းမီးတွေလည်း မရှိဘူး၊ ပြီးတော့ လမ်းကလည်း လမ်းကွေ့နေရာ။ မတော်တဆ တခြားကားတစ်စီးစီးက မမြင်ဘဲဝင်တိုက်လိုက်မှာ စိုးရိမ်ရတယ်"

"ဩော်၊ ရှင့်မှာ လည်း စိုးရိမ်တတ်လိုက်တာ လွန်ပါရောလား။ ဒါနဲ့တောင် ဆံပင်တွေဖြူမကုန် တာ အံ့ပါရဲ့ ။ သူ့ဟာသူတိုက်မိတော့ကော ဘာဖြစ်သလဲ"

အ မျိုးသ မီးလေ သံ မှာ ငေ့ါသံပါနေသည် ။ သူမအနေနှင့် အဘယ်ကြောင့် မော်တော်ကားနှင့် ပတ်သက်၍ ကြောင့်ကြစိတ်နည်းပါးရသည် ကို ကိုကိုလေး မတွေးတတ်။

အမျိုးသမီးက စကားဆက်သည် ။

"အဲဒီလိုတိုက်မိကုန်လေ၊ ကားပြင်ရုံတွေ စားသာလေပေ့ါ မဟုတ်လား"

ကိုကိုလေးသည် ရုတ်တရက် ခံပြင်းပြင်းဝေဒနာကို ခံစားလိုက်ရသည် ။

"အမိတွေ့တဲ့ အတိုင်း ကိုယ်ဟာ ကားပြင်သမားပါ။ ဒါပေမဲ့ သူတစ်ပါးဒုက္ခရောက်မှ ကိုယ်ထမင်း ဝမယ်ဆိုတဲ့ အဖြစ်မျိုးတော့ မလိုလားပါဘူး။ ဆရာဝန်တစ်ယောက်လိုပေ့ါ။ ဆေးကုစားပေမဲ့ လူတွေ မကျန်းမာဖြစ်ပါစေလို့ ဆုမတောင်းကောင်းသလိုပါပဲ စိတ်ဆန္ဒကိုက ကျန်းမာစေချင်လို့ ပဲ"

ကိုကိုလေး၏ အသံမှာ အနည်းငယ် မာကျောသွားသည် ။ အနည်းင

ယ် ခက်ထန်သွားသည် ။ သည့် တော့လည်း အမျိုးသမီးက ပျာပျာသလဲ တောင်းပန်သည် ။

"ကျွန်မက ရယ်စရာပြောတာပါ။ ဒါပေမဲ့ ကားကို အချက်ပြမီးဖွင့်ထားလို့ လည်း ရမှာ မဟုတ် ပါဘူး၊ စောစောက အဖုံးဖွင့်ကြည့်ရင်း ဝါယာတွေ ရေစိုသွားတယ်"

ကိုကိုလေးသည် အမျိုးသမီးကို ဘာမျှပြန်မပြောတော့၊ လက်နှိပ်ဓာတ်မီးကိုသာ နှိုက်ယူလိုက် သည် ။ မီးဖွင့်လျက် မော်တော်ကား၏ နောက်ဘက်ခုံတန်းမှန်အနီးတွင် ကပ်ပြီး တင်ထားလိုက်သည် ။ ယခုအတိုင်းဆိုပါက ကားတွင် အချက်ပြမီး ရှိသွားပြီဖြစ်ပါသည် ။

"မော်တော်ကားရဲ့ အခြားအစိတ်အပိုင်းတွေကိုသာ လူတွေကဖြုတ်မယူချင်ရှိမယ်၊ ရှင့်လက်နှိပ် ဓာတ်မီးကိုတော့ ချမ်းသာပေးကြမှာ မဟုတ်ဘူး ။ ရှင်ဘယ်နည်းနဲ့ မှ ပြန်ရတော့မှာ မဟုတ်ဘူး "

အမျိုးသမီးက သတိပေးစကားဆိုလေသည် ။

"နေပေစေပေ့ါ၊ ပြန်မရရင်လည်း ကိစ္စမရှိပါဘူး"

ကိုကိုလေးသည် ကားပေါ်သို့ ပြန်တက်လိုက်သည် ။ တက်လက်စ တစ်ပိုင်းတန်းလန်း၌ပင် အမျိုးသမီးထံမှ "ဩ၊ လက်စသတ်တော့ အခုမှ ဝေဿန္တရာလက်သစ်နဲ့ လာပြီး တွေ့နေရတာကိုး" ဆိုသော မကြားတကြားပြောသံကို ကြားလိုက်ရသည် ။

ကိုကိုလေးသည် အမျိုးသမီး၏ စကားကို အရေးမထားတော့၊ ဂရုမစိုက်တော့။ စက်နှိုးလိုက်သည် ။ ကားကိုမောင်းထွက်ခဲ့သည် ။

မော်တော်ကား၏ မိုင်နှုန်းပြ ဒိုင်ခွက်မှ မီးရောင်လင်းနေသည် ။ ယင်းမီး၏ အလင်းရောင်ဖြင့် အမျိုးသမီးကို မြင်သာသည် ။

ပထမသတိပြုမိသည် မှာ သူမ၏ လက်ဆွဲအိတ်သည် မိန်းမကိုင်ခရီးဆောင်အိတ်မျိုး မဟုတ်။ ဒုတိယသတိပြုမိသည် မှာ ယင်းအိတ်ကို ခြေထောက်ကြားချရလေမလား၊ ပေါင်ပေါ်တင်ထားရလေမလား ဝေခွဲမရဘဲ တင်လိုက်ချလိုက်ရှိနေခြင်း။

နောက်၊ ကိုကိုလေး သတိပြုမိသည် မှာ အမျိုးသမီး၏ အလှအပ။

မိုင်နှုန်းပြဒိုင်ခွက်မှ မီးရောင်သည် များ စွာလင်းလှသည် တော့မဟုတ်။ သို့ပေမဲ့ အမျိုးသမီးကို အကဲခတ်၍ ရနိုင်ရုံလောက်တော့လင်းသည် ။ တစ်ယောက်ကိုတစ်ယောက် မြင်နိုင်ရုံတော့ အလင်းရောင် ရသည် ။

အမျိုးသမီးမှာ မှတ်ထင်ထားသည် ထက်ပင် ငယ်နုနေကြောင်းတွေ့ရသည် ။ အလွန်ဆုံးရှိလှမှ အသက်နှစ်ဆယ်ဝန်းကျင်ဟု ထင်ရသည် ။

မိုးရေစွတ်စိုထားသော ဆံပင်သည် ရှည်ရှည်လျားလျားမဟုတ်၊ ထုံးဖွဲ့ခြင်းမှ ပြေလျော့နေသည် ဖြစ်၍ ပခုံးနှင့်လည်ကုပ်မှာ ဝဲနေသည် ။ နဖူးနှင့်ပါးပြင်တစ်ဝိုက်ကို ဆံပင်တစ်သိုက်က ပိုက်ကွန်သဖွယ် အုပ်ထားသည် ။

ဆံပင်များ အကြားမှ မျက်နှာကလေးမှာ ထင်မှတ်ထားသည် ထက်လှပနေကြောင်း ကိုကိုလေး တွေ့ရသည် ။ ကွက်တိကျစွာ လုံးဝန်းသောမျက်နှာမျိုး။

မိုးရေကြောင့်ပင် ထင်သည် ။ မျက်နှာပြင်မှ အခြယ်အသတို့ ပျက်ပြယ်နေသည် ။ သို့စေကာမူ ယင်းသို့ပျက်ပြယ်နေသည် ကပင် ပို၍ လှနေသည် ဟု ထင်ရသည် ။ ပြကတေ့ဖြစ်သော၊ ပင်ကိုဖြစ်သော အလှကို ပိုမိုဖော်ထုတ်ပေးသလို ရှိသည် ။ သို့မဟုတ် ကပိုကရို၊ ဖရိုဖရဲအလှ။

ရေစီးကြောင်းများ တင်ရှိနေသော ပါးပြင်မှာ ပန်းအလွှာနှယ်ပင် ည

က်နုဖြူစင်သည် ။ နှာတံသည် ပိရိသည် ၊ နှုတ်ခမ်းနှစ်လွှာက နှင်းဆီဖူး အမုံအငုံနှယ်ပါပင်၊ နှုတ်ခမ်း၏ အစပ်မှာ ငရုတ်ကောင်းစေ့ခန့် မှဲ့နက် ကလေးပါသည် ။ ယင်းမှဲ့မျိုးပါလျှင် စကားကြွယ်တတ်သည် ဆိုသလား။

ထူးခြားသည် က သူမ၏ မျက်လုံးများ ။

ညိုစိမ့်စိမ့်သူငယ်အိမ် မျက်နက်ဝန်းသည် ရွှန်းပလက်ပြောင်သည် ။ မျက်ဝန်းကို ယှက်တွယ်ထား သည့်မျက်တောင်များက ရှည်လျားလျက် ကော့ပျံနေသည် ။ မျက်လုံးများမှာ မတည်ငြိမ်လှုပ်ခတ်သည် ။ တစ်စုံတ စ်ခုကို သိဝှက်ဖုံးကွယ်လိုသည့်အသွင် ရှိသည် ။

ကြော့သော လည်တိုင်မှ နေကာ လုံးဝန်းမောက်မြို့သော ရင်ဆီသို့ကြည့်မိလေလျှင် စိတ်မှာ ရိုန်းမြမြအာရုံကို ခံစားရစေနိုင်သည် ။ အပြာရောင်နိုင်လွန်မိုးကာမှာ တိုးလျှိုပေါက်မြင်သာသည် ။ အမျိုး သမီးသည် ဘလောက်(စ်)ကိုဝတ်ထားသည် ။ ထိုအောက်မှာ အခုအခံမှ ပါ ပါလေစ။ ကိုကိုလေးဘက်မှ နေ ၍ ကြည့်လျှင် ဘေးတိုက်အနေအထား အရ တွေ့ရသည် ။ အမျိုးသမီးမှာ အသက်နှင့်စာပါက ပိုမိုဖွံ့ထွား သော ကိုယ်အနေအထားကို ပိုင်ဆိုင်ထားကြောင်း တွေ့မြင်နေရသည် ။

မိုးကာအကျီခါးစည်းကြိုးကို ချည်ထားလေရာ ရင်အစုံသည် ပိုမိုမော က်မို့လျက် ခါးမှာ ပိုမိုသေး ကျဉ်းသယောင် ထင်ရသည် ။ ။

ကိုကိုလေးအနေနှင့် တစ်သက်တာတွင် ကြုံဆုံခဲ့ရလေသော အမျိုး သမီးများ အနက် သူမသည် အလှအပဆုံးဖြစ်သည် ဟု ထင်မှတ်မိသည် ။

စင်စစ်တွင် မူ ယင်းသို့သော အမျိုးသမီးကို သူတစ်နေ့တွင် ကြုံဆုံရ လိမ့်မည်ဟု အိပ်မက်မျှပင် မမြင်မက်စဖူး။ ကြုံဆုံသည့်တိုင် ယခုလိုမ မျှော်လင့်သော အနေအထားမျိုးဖြင့် ကြုံဆုံရလိမ့်မည်ဟု မထင်မှတ်စဖူး

ဖြစ်ချေသည် ။

ငယ်စဉ်က အိပ်ရာဝင်တိုင်း အမေသည် ပုံပြောပြလေ့ရှိသည် ။ အမေပြောပြလေ့ရှိသော ပုံပြင်ထဲက လို စမ်းချောင်းနံဘေးမှ ပန်းနတ်သမီးနှင့် ကြုံဆုံရခြင်းမျိုးလေလား မပြောတတ်နိုင်ပါပေ။

ကိုကိုလေးကသာ အမျိုးသမီးအား အကဲခတ်နေသည် ဟု မဟုတ်၊ အမျိုးသမီးကလည်း ကိုကိုလေးအား အကဲခတ်လျက်ရှိသည် ။

သူမထံမှ ရယ်သံထွက်လာသည် ။

သည် မျှအထိ ဒုက္ခရောက်နေပါလျက် ရယ်မောနိုင်စွမ်းသောမိန်းကလေးအပေါ် ကိုကိုလေး အံ့သြမိသည် ။

"အသေအချာ မကြည့်ခင်တုန်းက ရွယ်တူလောက်ပဲရှိမယ်ထင်လို့ ရှင်နဲ့ ကျွန်မနဲ့ စကားပြောမိခဲ့ တယ်၊ အမှန်တော့ အစ်ကိုက ညီမထက် အများကြီးအသက်ကြီးပုံရတယ်။ စောစောကပြောမိတာ ရိုင်းရာ ကျနေရင် ခွင့်လွှတ်ပါနော်" အမျိုးသမီးထံမှ စကားသံကိုကြားရသည် ။

ကိုကိုလေးက ဘာမျှပြန်မပြောမိ။

"ဒါ အစ်ကို့ကားလားဟင်"

သူမအမေးစကား

"အင်း"

ကိုကိုလေးက သည် မျှသာပြောသည် ။

"ဒါဖြင့် အစ်ကို့နာမည်က မော်တော်ကားမှာ ရေးထားတဲ့ အတိုင်း ကိုကိုလေးပေါ့"

"ဒါပေါ့"

"ညီမ နာမည်က စုစုမာပါ"

"စုစုမာ"

ကိုကိုလေးသည် ယင်းအမည်ကို အသံမထွက်စေဘဲ ရင်ထဲမှ ခေါ်ဝေါ်လိုက်မိသည်။

သို့ပေမဲ့ ရင်ထဲမှာ တော့ များ စွာကျေနပ်ခြင်းမရှိလှ။ သူမအနေနှင့် တစ်ကြိမ်သာ တွေ့ရသေးသည့် လူတစ်ယောက်အပေါ် နာမည်အမှန်အကန်ကို ပြောမှ ပြောလေမလားဟု သံသယဝင်နေမိသည်။

စုစုမာသည် လက်ဆွဲအိတ်ဇစ်ကို ဆွဲဖွင့်လျက် အိတ်ထဲမှ စီးကရက်ဘူးကို ထုတ်ယူလိုက်သည်။

"အစ်ကို့မှာ မီးခြစ်ပါသလားဟင်"

ကိုကိုလေးသည် အဖြေမပေးဘဲ အင်္ကျီအိတ်အတွင်းမှ မီးခြစ်ကိုသာ နှိုက်ယူလိုက်သည်။ အမျိုး သမီးကို လှမ်းပေးလိုက်သည်။

အမျိုးသမီးက စီးကရက်နှစ်လိပ်ကို မီးညှိသည်။ တစ်လိပ်ကို ကိုကိုလေးအားပေးသည်။ တစ်လိပ်ကို သူမသောက်သည်။ သောက်သည်သာဆိုရသော်လည်း ကိုင်ပုံတွယ်ပုံအရ တကယ်တမ်း သောက်တတ်သူမဟုတ်ကြောင်း ထင်ရှားသည်။

"အစ်ကို့ရဲ့ အလုပ်က မော်တော်ကား ဝပ်ရှော့ထောင်တာပေါ့ ဟုတ်လား"

စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်ခြင်းနှင့်အတူ မေးသည်။

"ကိုယ်တိုင်လုပ်တာပါ၊ လူငှားတွေထားပြီး ထောင်စားတာမဟုတ်ပါဘူး"

"ဒါကိုတော့ သိပါတယ်။ အစ်ကို့လက်မှာ ဆီချေးတွေပေနေတာ မြင်ကတည်းက ရိပ်မိပါတယ်"

အတန်ကြာမျှ စကားမဆက်မိဘဲ ရှိကြသည် ။

ကိုကိုလေးသည် အကြည့်ကို ရှေ့တူရူသို့ဦးတည်လိုက်သည် ။ ရေတင်နေသော ကတ္တရာလမ်းမှာ ကားမီးရောင်ကြောင့် ချောပြောင်နေသည် ။ တစ်ခါတစ်ရံ တောက်ပနေသည် ။ သူသည် ကားကို ဂရုတစိုက်မောင်းနှင်လျက်ရှိသည် ။

ကားအရှိန်မှာ မပြင်း၊ တစ်နာရီဆယ့်ငါးမိုင် သုံးဆယ်နှုန်းပင် မရှိတတ်။ သို့စေကာမူ ကိုကိုလေး သည် ကား၏ အရှိန်ကို ယခုထက် လျှော့ချလိုလျက် ရှိပါသည် ။

မိန်းကလေးတစ်ယောက်၊ အထူးသဖြင့် စုစုမာကဲ့သို့ လှပသောမိန်းကလေးတစ်ယောက်ကို နံဘေး မှာ ထားလျက် ကားမောင်းနေရခြင်းကို နှစ်ခြိုက်နေသည် ။

"အစ်ကို ဘယ်ကပြန်လာတာလဲဟင်"

စုစုမာထံမှ အမေးစကားထွက်ပေါ်လာသည် ။

"ပဲခူးကပါ"

"အစ်ကိုက အလုပ်ကို တော်တော်ကြိုးစားတယ်ထင်တယ်"

စုစုမာ၏ အမေးကြောင့် ကိုကိုလေး သူမဘက်သို့ လှည့်ကြည့်လိုက်မိသည် ။

စုမာက စကားဆက်ပါသည် ။

"အစ်ကို့ကိုကြည့်ရတာ အလုပ်လုပ်လာခဲ့ပုံပဲလေ။ အကျႌတွေ၊ လက်

တော ဝမ ၂၁ ဆီချေးတွေပေနေ တယ် မဟုတ်လား။ ဒါကြောင့် ညီမအတပ်ပြောလိုက်တာ။ ပဲခူးမှာ ကားသွားပြင်ရတာ မဟုတ်လားဟင်"

"ဟုတ်တယ်၊ အဲဒီမှာ ဖောက်သည် တစ်ယောက်ရှိတယ်။ သူ့ကားက ဂိုဒေါင်ထဲမှာ ကြာရှည်ထည့် ထားရင်းကနေ စက်နှိုးလို့ မရတာ။ အဲဒါ ကိုသွားပြင်ပေးပြီး ပြန်လာခဲ့တာပါ"

"ညီမဗိုက်ထဲမှာ ပုဏ္ဏားလေးရှိတယ်၊ ညီမပြောလိုက်ရင် တစ်ခါတည်းတန်းပြီး မှန်နေတာပဲ"

စုစုမာသည် သူမပြောစကားကို သူမဘာသာ သဘောကျသလိုရယ်နေသည် ။

"အမိကကော ဘယ်ကပြန်လာတာလဲဟင်"

ကိုကိုလေးက စပ်စုသည် ။ ။

ကိုကိုလေး၏ အမေးကို စုစုမာ ရုတ်တရက်မဖြေ၊ ကိုကိုလေး၏ အမေးအတွက် ဖြေစရာစကားကို တွေးမထားကြောင်း ထင်ရှားသည် ။

အတန်ကြာမှ စုစုမာက ဆိုပါသည် ။

"လေယာဉ်ပျံကွင်းက ပြန်လာတာပါ။ မိတ်ဆွေတစ်ယောက် သွားပို့တာဆိုပါတော့"

စောစောပိုင်းက မင်္ဂလာဒုံလေယာဉ်ကွင်းအနီးသို့ အရောက်တွင် လေဆိပ်မှ လေယာဉ်တစ်စီး ထွက်သွားသည် ကို သတိရသည် ။ ပြည်ပသွား လေယာဉ်ဖြစ်ပုံရသည် ။ ခေါင်းပေါ်မှ ဆူညံကျယ်လောင်စွာ ဖြတ်ကျော်သွားခဲ့လေသောကြောင့် သတိပြုမိခဲ့ခြင်းဖြစ်သည် ။

"အမိက အခုလို ညဥ့်နက်သန်းခေါင် တစ်ယောက်တည်း သွားနေလာနေကျပဲလားဟင်"

ကိုကိုလေးက ဆက်လက်၍ အမေးစကားဆိုသည် ။ ။

"သွားနေလာနေကျတော့ မဟုတ်ပါဘူး၊ ဒီကနေ့မှ ပါ။ အိမ်ကကားပျက်နေတယ်လေ။ ဒရိုင်ဘာ ပြန်သွားတဲ့ အချိန်လည်း ရောက်နေတယ်။ မိတ်ဆွေတစ်ယောက်ကလည်း အကူအညီတောင်းလာတယ်။ သူ့ကို မင်္ဂလာဒုံလေဆိပ်ကို လိုက်ပို့ပေးဖို့ ပေါ့ ။ မတတ်သာတာနဲ့ မိတ်ဆွေတစ်ယောက်ရဲ့ ကားကိုငှားပြီး လိုက်ပို့ခဲ့ရတာပါ။ စကားစပ်မိလို့ ပြောရဦးမယ်။ အိမ်ကကားကို အစ်ကို့ဆီမှာ လာပြင်ရဦးမယ်။ ပြီးတော့ နီးစပ်ရာ မိတ်ဆွေတွေကိုလည်း စပ်ပေးပါ့မယ်။ ကားပျက်ရင် အစ်ကိုဝပ်ရှော့မှာ အပ်ကြပါလို့ "

"အဲဒီလိုပြောပေးရင်တော့ အထူးပဲ ကျေးဇူးတင်ရမှာ ပေါ့"

အမျိုးသမီး၏ စကားများမှာ မှားသည် မှန်သည် ဟူ၍ တော့ မဝေခွဲတတ်၊ သို့ရာတွင် စကားကို တစ်ဝက်တစ်ပျက်နှင့် လွှဲပြောင်းပြောဆိုခဲ့သည် ကိုကား သတိထားမိသည် ။

မော်တော်ကားသည် အင်းလျားကန်စောင်းနှင့် မျဉ်းပြိုင်ပမာဖြစ်နေသောလမ်းသို့ ရောက်ခဲ့လေ ပြီ။ တက္ကသိုလ်ဝန်းကျင်နှင့် နီးကပ်လာသည် ။

လမ်းတွင် ကားအသွားအလာနည်းပါးလာသည် ။ မိမိတို့ တစ်စီးတည်း မောင်းနှင်နေရသလို ရှိသည် ။ ရံခါတွင် မှ တစ်စီးတလေနှင့် ရှောင်ရတိမ်းရသည် ။

ယင်းအခါမျိုးတွင် စုစုမာသည် အနည်းငယ် မတည်ငြိမ်သလိုဖြစ်

လာတတ်ကြောင်း ကိုကိုလေး သတိထားမိသည် ။ သူမသည် ကိုယ်ကို ဆိုဖာတွင် တတ်နိုင်သမျှမြှုပ်၍ ထိုင်ထားကြောင်း တွေ့ရသည် ။

ရင်ဆိုင်လာသောကားကို ကျီးကန်းတောင်းမှောက် အမူအရာမျိုးဖြင့် ကြည့်တတ်သည် ။

တစ်စီးနှင့်တစ်စီး ဖြတ်ကျော်မသွားမချင်း ချောက်ချားမှု၊ စိုးရိမ်မှုတို့ မျက်နှာပြင်ပေါ်မှ ပျောက် ကွယ်မသွားဘဲရှိသည် ကို တွေ့ရသည် ။

သည် တော့လည်း ကိုကိုလေးမှာ အမျိုးသမီး၏ အပေါ် အကဲမခတ်တတ်အောင်ဖြစ်လာသည် ။ သံသယဝင်လာသည် ။ သက်ာမကင်းဖြစ်လာမိသည် ။

အထူးသဖြင့် သူမတွင် လက်ဆွဲအိတ်ကြီးပါလာသည် ကို အကဲမရ။

သူမပြောသလို မိတ်ဆွေတစ်ဦးအား လေယာဉ်ဆိပ်သို့ လိုက်ပို့သည် ပင်ထား၊ လက်ဆွဲအိတ်ပါလာ စရာအကြောင်း မရှိတန်ရာ။

အမျိုးသမီးသည် အကြောင်းတစ်စုံတစ်ရာကြောင့် ချောက်ချားဟန် ပေါ်နေသည် ကိုလည်း တွေ့ရ သည် ။ ယင်းကို ဖုံးဖိလိုသောသဘောဖြင့် မည်သည့်အရာကိုမျှ ဂရုမထားဟန် တစ်ခါတစ်ရံ ရယ်သွမ်း သွေးရခြင်းပင် ဖြစ်မည်။ ပေ့ါပေ့ါပါးပါးစကားများကို ပြောနေခြင်းပင် ဖြစ်မည်ထင်သည် ။

ကိုကိုလေးသည် ယခုအခါ စုစုမာ၏ အလှအပအပေါ်တွင် သာမက သူမနှင့်ပတ်သက်စပ်ဆိုင်နေ သော ကိစ္စရပ်များ အပေါ်တွင် ပါ စိတ်ဝင်စား၍ လာမိပြီ ဖြစ်ပါသည် ။

အိမ်ပြေးမကလေးပေပဲလား။

ခိုးရာလိုက်လာသူပေပဲလား။

ကိုကိုလေးမှာ မတွေးတတ်အောင် ရှိရသည် ။

"အစ်ကို့ အလုပ်အကိုင်က ဟန်ရဲ့ လားဟင်"

ကိုကိုလေးအနေနှင့် သူမနှင့်ပတ်သက်ရာရာကို တွေးတောနေကြောင်း အမျိုးသမီး ရိပ်စားမိဟန် တူသည် ။ စကားစရှာ၍ မေးလာသည် ။

"သိပ်ဟန်လှတယ်တော့ မဟုတ်ပါဘူး။ ရရစားစားပဲပေါ့"

"ညီမကြားရသလောက်တော့ ဝပ်ရှော့ထောင်တာ သိပ်ဝင်ငွေကောင်းတယ်ဆို။ နေ့ချင်းညချင်း သူဌေးဖြစ်နိုင်တယ်ဆို"

"ကိုယ့်အလုပ်ရုံက မကြီးကျယ်ပါဘူး။ သူဌေးဖြစ်တယ်ဆိုတာက ကြီးကြီးကျယ်ကျယ် လုပ်နိုင်မှ ပါ၊ ငွေအရင်းအနှီး အများကြီးထည့်နိုင်မှပါ"

ကိုကိုလေးသည် သူ၏ လုပ်ငန်းနှင့်ပတ်သက်၍ ပြောဆိုရသည် ကို စိတ်မှာ သိမ်ငယ်သွားသလို ထင်မိသည် ။

"တချို့အလုပ်ရုံတွေကျတော့ အလုပ်ရုံမည်ကာမတ္တပါ။ ကားတွေဝယ်၊ ပြင်ပြီးပြန်ရောင်း။ ဒီလို နည်းနဲ့ စီးပွားဖြစ်နေကြတယ်လို့ ကြားဖူးတယ်။ အစ်ကိုကော အဲဒီလိုမလုပ်ဘူးလား"

"ဒါကလည်း စောစောက ပြောသလိုပါပဲ။ ငွေအရင်းအနှီးဟာ အဓိကပဲ"

"အစ်ကို့မှာ ငွေအရင်းအနှီးလိုနေတယ်ပေါ့၊ ဟုတ်လား"

ကိုကိုလေးသည် စုစုမာ၏ အမေးကို အဖြေမပေးဘဲ နေလိုက်သည် ။ အဖြေပေးရန်လည်း ဝန်လေး နေမိသည် ။

စုစုမာသည် အဖြေကိုကြားရနိုးနှင့် ကိုကိုလေး၏ မျက်နှာကို

စူးစိုက်ကြည့်နေသည် ။ ကိုကိုလေး သည် ရှေ့တူရူသို့သာ စူးစိုက်ထားသည် ။

စိတ်ထဲမှာ မူ မိမိကိုယ်ကိုယ်သာ အပြစ်တင်နေမိသည် အဘယ်ကြောင့် အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း ပြောလိုက်မိပါလိမ့်ဟု မကျေမချမ်းဖြစ်နေမိသည် ။ အမှန်အတိုင်း ပြောလိုက်မိသဖြင့် စုစုမာ သူ့အပေါ်အထင်သေးသွားလေပြီလားဟု လည်း တွေးနေမိပါသည် ။

အတန်ကြာလျှင် အမျိုးသမီးက သက်ပြင်းတစ်ချက်ကို မသိမသာရှိုက်သည် ။

"အေးလေ၊ ဒီနေ့ခေတ်မှာ အလုပ်တစ်လုပ်တည်းလုပ်နေရုံနဲ့ ကြီးပွားဖို့ အခက်သားကလား။ ဘာပဲပြောပြော အစ်ကို့အသက်အရွယ်နဲ့ ကိုယ်ပိုင်အလုပ်ရုံတစ်ခု ထောင်ထားနိုင်တာကိုက ဂုဏ်ယူစရာ ဖြစ်နေပါပြီ"

မော်တော်ကားကို အင်လျားလမ်းသို့ ချိုးကွေ့ဝင်လာခဲ့သည် ။ ယင်းလမ်းမှ တစ်ဆင့် ကုက္ကိုင်း လမ်း၊ ၎င်းမှ သည် ကမ္ဘာအေးစေတီလမ်းဘက်သို့ ဖောက်ထွက်ရန်ရည်ရွယ်သည် ။

သည် အပိုင်းတွင် ကိုကိုလေးသည် ကားကို အရှိန်မြှင့်၍ မောင်းမိသည် ။

လက်မှ နာရီကိုကြည့်မိသည် တစ်နာရီထိုးခါနီးလေပြီ။

"အစ်ကို့နာရီ မှန်ရဲ့ လားဟင်"

စုစုမာက မေးသည် ။

"ဘယ်အချိန်ရှိပြီလဲ"

"တစ်နာရီထိုးတော့မယ်"

"ဩော်၊ တစ်နာရီတောင် ထိုးတော့မှာ ပါကလား။ အစ်ကိုနဲ့ တွေ့ရတာဟာ ညီမအဖို့ သိကြားနဲ့ တွေ့ ရသလိုပါပဲ။ အစ်ကိုက ညီမကို ကယ်လိုက်တာပါပဲ။ နို့မဟုတ်ရင် မင်္ဂလာဒုံကနေ အိမ်အရောက် ခြေကျင် ပြန်ရမှာ "

"ကိုယ်နဲ့ မတွေ့ရင် တခြားတစ်ယောက်ယောက်နဲ့ တွေ့မှာ ပေါ့ စုစုမာ"

"တခြားညတွေမှာ ဆိုရင်တော့ အဲဒီနေရာက ကားမပြတ်လှပါဘူး။ ဒါပေမဲ့ အခုလို မိုးကလည်း ရွာ၊ မီးတွေကလည်း ပျက်နေတဲ့ ညမျိုးမှာတော့ ကားကြုံလိုက်ရဖို့ ဆိုတာ လွယ်မယ်မထင်ပါဘူး။ ညီမစောင့်နေတာ အတော်ကြာပါပြီ။ အစ်ကို့ကားကလွဲလို့ တခြားကားတစ်စီးတလေမှ မလာဘူး"

ကုက္ကိုင်းလမ်းမှ သည် ကမ္ဘာအေးစေတီလမ်းသို့ ရောက်လာခဲ့သည် ။ စုစုမာပြောသလိုပင် ဖြစ်ပါ သည် ။ မိုးမရွာခဲ့လျှင်၊ မီးမပျက်ခဲ့လျှင် ရန်ကုန်သူရန်ကုန်သားဆိုသည် မှာ စောစောအိပ်လေ့အိပ်ထ မရှိသယောင်ထင်ရသည် ။ ယခုလိုအချိန်မျိုးအထိ ရန်ကုန်မြို့သည် သက်ဝင်လှုပ်ရှားနေဆဲသာ ဖြစ်သည် ။ ယနေ့ညမှာ တော့ ထူးထူးခြားခြားကြီး ငြိမ်သက်နေသည် ။ တိတ်ဆိတ်နေသည် ။ ။

စင်စစ်တွင် မိုးကိုတောင့်တခဲ့ရသော ရက်များကလည်း ကြာညောင်းလှပြီပဲ။ သည် နှစ်အပူရှိန် ဒီဂရီတစ်ရာကျော်ထက် မလျော့နည်းသောရက်များက များ ပြားလှသည် ။ ပူလောင်အိုက်စပ်သောဒဏ်ကို ရက်ဆက်ခံစားခဲ့ရသည် ။ မိုးကိုရွာစေချင်လှသည် ။

မိုးရွာသောအခါ ပူလောင်ခဲ့ရသမျှကို အတိုးချလျက် အနားယူအိပ်စ

က်ကုန်ကြပုံပေါ်လေသည် ။ တစ်မြို့လုံး၌ မိမိနှင့် စုစုမာသာ လှုပ်ရှားသွားလာနေသည် ဟု ကိုကိုလေး၏ စိတ်တွင် အထင်ရောက်မိသည် ။

"အမိကို ဘယ်နေရာအထိလိုက်ပို့ရမှာ လဲ"

ကိုကိုလေးက မေးသည် ။

"လမ်းငါးဆယ်တင်ပါ"

ဗိုလ်မြတ်ထွန်းလမ်းနှင့် လမ်းငါးဆယ်ဆိုသည် မှာ ဘာမျှမဝေးလှ။ တော်ပါသေးရဲ့ ဟု စိတ်ထဲကဆို မိသည် ။ အခြားတစ်နေရာဆိုပါက တကူးတက လိုက်ပို့နေရဦးမည်အမှန်ပင်။ ယခုမူ ခရီးက မထင်မှတ်ဘဲ ကြုံနေသည် ။

"အစ်ကို အသက် ဘယ်လောက်ရှိပြီလဲဟင်"

အတန်ကြာ စကားပြတ်နေရာမှ စုစုမာက စကားစရှာ၍ ပြောလာသည် ။

"နှစ်ဆယ့်ကိုး"

"ဒါဖြင့် ညီမထက် ရှစ်နှစ်ကြီးတယ်"

"အမိအသက်က နှစ်ဆယ့်တစ်နှစ်ပေါ့"

"ဟုတ်တယ်"

"ကိုယ်က ဆယ့်ရှစ် ဆယ့်ကိုးလောက်ပဲရှိဦးမယ် ထင်နေတာ"

ကိုကိုလေး၏ စကားမှာ စုစုမာအတွက် ရယ်ဖွယ်ရာဖြစ်သွားပုံရသည် ။

"အစ်ကိုက ညီမရဲ့ အသက်ကို လျှော့တွက်တယ်။ ညီမကျတော့ အစ်

ကိုအသက်ကို ပိုပြီးတွက်ထား မိတယ်။ အနည်းဆုံး သုံးဆယ့်ငါးလောက်ရှိနေပြီ မှတ်တာ"

စကားပြောပြီးနောက် စုစုမာ ရယ်သည် ။

"ကိုယ်က ဒါလောက်ပဲရင့်နေလား စုစုမာ"

"ရင့်လို့ ရယ်တော့ မဟုတ်ပါဘူး။ အစ်ကို့ရဲ့ အဝတ်အစားနဲ့ မျက်နှာမှာ ပေနေတဲ့ ဆီချေးတွေ ကြောင့်ပဲ ထင်ပါရဲ့ ။ ဒါထက် အစ်ကို အိမ်ကိုပြန်ရောက်ချင်လှပြီလားဟင်"

ကိုကိုလေးသည် စုစုမာ၏ မျက်နှာကို လှမ်းကြည့်လိုက်မိသည် ။ အဘယ်ကြောင့် 'အိမ်ပြန်ရောက် ချင်လှပြီလား'ဟု မေးလာရလေသနည်းဟု ကိုကိုလေး စဉ်းစားသည် ။

ရင်ထဲတွင် ရှိသည့်အတိုင်း ပြောရပါက အိမ်သို့ပြန်မရောက်ချင်လှသေး။ စုစုမာနှင့် သူတို့ ခရီးကို ယခုထက်ရှည်လျားစေချင်သည် ။ အချိန်မြောက်မြားစွာရချင်သည် ။

အချိန်ရမည်ဆိုပါက၊ အခွင့်သာမည်ဆိုပါက စုစုမာနှင့်ပတ်သက်၍ မေးချင်စရာတွေ သူ့မှာ ဒုနှင့် ဒေးရှိသည် ။ ရင်ထဲမှာ မေးခွန်းတွေ တစီတတန်းကြီးပေါ်နေသည် ။

စောစောက စုစုမာပြောခဲ့သောစကားများကို ယခုတိုင်မယုံကြည်နိုင်သေး။ မင်္ဂလာဒုံလေယာဉ် ကွင်းသို့ မိတ်ဆွေအား လိုက်ပို့ပေးခဲ့သည် ဆိုသောစကားကို စိတ်မချ။ အမျိုးသမီး၏ ချောက်ချား တုန်လှုပ်နေမှု၊ ယင်းကိုဖုံးကွယ်နိုင်ရန် ကြိုးစား၍ စကားဆိုနေမှုတို့ အပေါ် များ စွာသံသယဝင်မိဆဲသာ ဖြစ်သည် ။

"အစ်ကိုအိမ်ကို ပြန်ရောက်ချင်လှပြီဆိုတာ ထင်ရှားပါတယ်။

ဘာကြောင့်လဲဆိုတော့ အိမ်နဲ့ နီးလာ လေ ကားအရှိန် ပိုပြီးမြန် လာလေမို့ပဲ"

ကိုကိုလေးထံမှ အဖြေတော်တော်နှင့် ပေါ်မလာ၍ စုစုမာက သူမအမေးကို သူမဘာသာပင် ဖြေသည် ။

"ဒါက မင်းစိတ်ထင်လို့ ပါ။ ကိုယ့်မှာ အိမ်ကိုအရေးတကြီးပြန်စရာဆိုလို့ ထမင်းဆာတာကလွဲပြီး ဘာတစ်ခုမှ မရှိပါဘူး"

အမျိုးသမီးက ကိုကိုလေး၏ မျက်နှာကို ပိုမိုစူးစိုက်ကြည့်လာသည် ။

"အိမ်မှာ မျှော်နေမယ့်သူ မရှိဘူးလား"

သူမက စိတ်ဝင်တစား အမူအရာဖြင့် မေးခွန်းထုတ်သည် ။

"ကိုယ်က တစ်ယောက်တည်းနေတာပါ၊ တစ်ကိုယ်တည်းသမားပါ"

"ဟုတ်လား"

ကိုကိုလေးသည် အကြည့်ကို ရှေ့တူရူသို့စူးစိုက်ထားလိုက်ရပြန်သည် ။ အမျိုးသမီးကမူ ကိုကိုလေး ၏ အကြောင်းကို လုံးဝဥဿုံသိသွားရဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်နေသည် ။

ကိုကိုလေး၏ ခေါင်းထဲသို့ အတွေးတစ်ရပ်ဝင်လာသည် ။ ၎င်းမှာ စုစုမာကိုယ်တိုင်ကကော မိမိ ကဲ့သို့ လူလွတ်တစ်ယောက်မှ ဟုတ်ပါလေစဟူသော အတွေးဖြစ်ပါသည် ။ သူသည် ယင်းအတွေးအရ ဖွင့်မေးရလျှင်ကောင်းလေမည်လား စဉ်းစားမိသေးသည် ။ ဖွင့်ပေးရန် သူမဝံ့မရဲ။ မကြာခင်ခွဲရတော့ မည့်သူတွေပဲ၊ သူဘာပဲဖြစ်နေနေပေ့ါဟု သူ့စိတ်ကို သူ့ဘာသာ ဆုံးမရပြန်သည် ။

"မင်းကို ကိုယ်တစ်ခုပြောချင်တယ်"

သည် တစ်ခါ ကိုကိုလေးက စကားစ၍ ပြောဖြစ်သည် ။

"တစ်ခုတည်းပဲပြောရမယ်နော်"

အမျိုးသမီးက ရယ်ရွှန်းဖတ်ရွှန်းပြန်ပြောသည် ။

"အကောင်းပြောမှာ ပါ။ မင်းလည်း သိမှာ ပါပဲ။ မိန်းကလေးတစ်ယောက်အနေနဲ့ အခုလို အတင့် မရဲသင့်ဘူးလို့ ထင်တယ်။ ညဘက် အပြင်ထွက်မယ်ဆိုရင် အနည်းဆုံး အဖော်တစ်ယောက်တော့ ပါသင့်တယ်။ မိန်းကလေးတစ်ယောက်အတွက် အခုလိုညမျိုးမပြောနဲ့ နေ့ခင်းကြောင်တောင်မှာ တောင် အန္တရာယ်ဆိုတာ ဝိုင်းဝိုင်းလည်နေတတ်တယ်။ တကယ်လို့ ကိုယ်နဲ့ မတွေ့ဘဲ အခြားသူတစ်ယောက်နဲ့ တွေ့တယ်ဆိုပါစို့၊ အဲဒီလူက မင်းအပေါ်မှာ မရိုးမသားစိတ်ထားတယ်ဆိုပါစို့ ၊ မင်းဘယ့်နှယ်လုပ်မလဲ"

"ညီမစောစောက ပြောသလိုပါပဲ၊ ညီမဟာ ဘယ်အခါမဆို ကံကောင်းတတ်ပါတယ်။ လူကောင်း သူကောင်းတွေနဲ့ ချည်း အမြဲဆုံတတ်တယ် ။ ဥပမာ အစ်ကို့လိုလူနဲ့ လာတွေ့ရတာမျိုးပေါ့"

"ကံကိုယုံပြီး အတင့်ရဲရင် တစ်နေ့မဟုတ်တစ်နေ့ မင်းအန္တရာယ်နဲ့ ဆုံရမှာ ပဲ စုစုမာ"

ကိုကိုလေးသည် ယင်းစကားကို စမိပြီးမှ နောင်တရမိသည် ။ ဆရာလုပ်ရာကျလွန်းနေပြီလား၊ မိမိနှင့်မဆိုင်သော အကြောင်းရပ်ကို ဝင်ပြောနေမိပြီလား တွေးမိသည် ။

စုစုမာသည် အတန်ကြာငြိမ်သက်သွားသည် ။ ပြီးမှ သူမက ကိုကိုလေးကို လေးစားစွာကြည့်ရင်း ဆိုပါသည် ။

"ဒီတစ်ခါမှာ မှ အတင့်ရဲသလို ဖြစ်သွားတာပါ။ အမြဲတမ်း ဒီလိုသွား

လာနေလေ့ မရှိပါဘူး။ တစ်ခါဆိုသလောက် ကသီလင်တဖြစ်ရတာပါပဲ။ ဘာပဲပြောပြောလေ၊ အစ်ကိုသတိပေးတာကို ကျေးဇူး တင်ပါတယ်။ အစ်ကို့စေတနာကို ညီမ လေးစားပါတယ်"

ကိုကိုလေးသည် စကားပြောနေရင်းမှာ ပင် မိန်းကလေးတစ်ယောက်နှင့် သည် မျှမြန်မြန်ဆန်ဆန် မိတ်ဆွေဖြစ်ခဲ့ရသည် မှာ သူ၏ တစ်သက်တာတွင် သည် တစ်ကြိမ် ပထမဖြစ်ကြောင်း သတိရနေမိသည် ။ ဤသည် မှာ စုစုမာကိုယ်၌ က လိုက်လျောညီစွာ စကားပြောတတ်ခြင်းကြောင့်ပင်ဖြစ်မည် ထင်ပါသည် ။

စုစုမာသည် ချောမောလှပသည် သာမကသေး၊ ငယ်ရွယ်နုနယ်သည် မကသေး၊ လျင်မြန်ပါးနပ်မှု လည်း ရှိပါသည် ဟု သူကောက်ချက်ချမိသည် ။ တစ်ဆက်တည်းမှာ ပင် စုစုမာသည် စကားပြောရာ၌ အတော်ကြီးပေ့ါပေ့ါတန်တန်နိုင်လှသည် ဟု ထင်သည် ။ ယနေ့တွေ့ မနက်ဖြန်မေ့မည့် အမျိုးအစား လေလားကွယ်။

ကိုကိုလေးအနေနှင့် စုစုမာအား တော်တော်နှင့်မေ့ပစ်နိုင်လိမ့်မည် မထင်ပေ။ စုစုမာအား မေ့ဖို့ ဆိုလျှင် အချိန်အတန်ကြာအောင် ယူရလိမ့်ဦးမည်ထင်ပါသည် ။ အကြောင်းမူ သူ၏ ဘဝမှာ အပြောင်း အလွဲ အလှုပ်အရှား နည်းပါးခဲ့သောကြောင့်ဖြစ်သည် ။

"အစ်ကို ဘာတွေတွေးနေတာလဲဟင်"

စုစုမာထံမှ အသံထွက်လာသည် ။ ကိုကိုလေးက စုစုမာဘက်သို့ လှည့်ကြည့်မိသည် ။

"ဘာမှ မတွေးပါဘူး" ဖြေမိသည် ။

သည် တွင် ကိုကိုလေး၌ သတိထားမိသောအရာ ပေါ်ပေါက်လာပြန်

သည် ။ စုစုမာက သူ့အား တွေးတောရန်အချိန်ပေးလိုဟန် မရှိခြင်းဖြစ် သည် ။ သူ၏ စိတ်အာရုံကို အနှောင့်အယှက်ပေးလိုဟန်တူ သည် ။

"အစ်ကို့ဆီ ညီမလာလည်ရမလား ဟင်"

"လာလည်ပါ၊ ကိုယ်ဖိတ်ပါတယ်။ အဲ ဆီချေးတွေပေမှာ ၊ နားငြီးမှာ မကြောက်ရင်ပေါ့လေ။ ကိုယ်တို့ အလုပ်မျိုးကို မိန်းကလေးတွေ သိပ်နှစ်ခြိုက်ကြပုံမရဘူး။ မင်းဆိုရင်တောင်မှ ကိုယ့်ကိုယ်ပေါ်က ဆီချေးတွေအကြောင်း မကြာခဏပြောနေတာ မဟုတ်လား"

"ညီမဆီချေးပေမှာ မကြောက်ပါဘူး၊ နားအငြီးလည်း ခံနိုင်ပါသတဲ့ ။ မနက်ဖြန် မနက် ဆိုရင်တော့ အစ်ကို စောစောနိုးမယ် မထင်ဘူး၊ အခု ညအိပ်ရေးပျက်မှာ မဟုတ်လား"

"ဘယ်လောက်ပဲ အိပ်ရေးပျက်ပျက် မနက်ခြောက်နာရီဆိုရင် အမြဲ ထရတာပါပဲ။ အဲဒီအချိန်မှာ အလုပ်စရတာပါပဲ။ ဘယ်ညွှေ့သည် မဆို ခြောက်နာရီထက်စောပြီးတော့ မလာတန်ကောင်းပါဘူး"

"ညီမကလည်း အဲဒီအချိန်လောက်မှာ တော့ မလာပါဘူး။ ကဲလေ ညီမ အစ်ကို့ဆီလာလည်ပါဦး မယ်။ တကယ်တော့ အစ်ကိုက ညီမရဲ့ ကျေးဇူးရှင်ပါ၊ ကယ်တင်ရှင်ပါ"

"ဒီလောက်ကလေး ကူညီရတာနဲ့ ကျေးဇူးရှင်ဖြစ်ထိုက်မယ် မထင်ပါ ဘူးကွယ်"

ကိုကိုလေးက စုစုမာ၏ မျက်နှာကို စိုက်ကြည့်ရင်းက ပြောလိုက်ခြင်းဖြစ်သည် ။ အမျိုးသမီးထံမှ ရုတ်တရက် စကားပြန်မရ။ သို့ရာတွင် သူမသည် ကိုကိုလေး၏ မျက်စိများကို ပြန်လည်စူးစိုက်ကြည့် နေ သည် ။ အဘယ်ကြောင့်ဟု မသိ၊ စုစုမာ၏ မျက်လုံးများမှာ ပိုမိုတော

က်ပလာသည် ဟု ကိုကိုလေး ထင်မိ သည် ။

"အစ်ကို မသိလို့ ပါ။ အစ်ကိုဟာ ညီမကို ထင်မှတ်ထားတာထက်တောင် ကူညီခဲ့ပါသေးတယ်။ တစ်နေ့နေ့မှာ တော့ အစ်ကိုနဲ့ အေးအေးဆေးဆေး တွေ့ဦးမှာ ပါ။ ဒီတော့မှ ဒီအကြောင်းတွေကို စကားပြန်စကြသေးတာပေ့ါ။ ကြည့်စမ်း ညီမတို့ ကန်တော်ကြီးကိုတောင် ရောက်လာကြပြီပဲ"

ကိုကိုလေးက ကားကို နတ်မောက်လမ်းအတိုင်း မောင်းလာခဲ့သည် ဖြစ်ရာ ကားသည် ဗိုလ်ချုပ် ကြေးရုပ်ရှေ့ကို ဖြတ်ကျော်လျက်ရှိနေပြီဖြစ်ပါသည် ။ နတ်မောက်လမ်းမှ နေကာ သိမ်ဖြူလမ်းဘက်သို့ ထွက်ရန်ကြံရွယ်သည် ။ သည် ဘက်ပိုင်းတွင် လျှပ်စစ်မီးများ လင်းလက်နေကြောင်းတွေ့ရသည် ။

"ညီမကသာ လာမယ်ပြောတာ၊ အစ်ကို့မှာ ညီမနဲ့ နောက်ထပ်တွေ့ချင်တဲ့ ဆန္ဒမှ ရှိရဲ့ လားဟင်"

ကိုကိုလေးသည် စုစုမာ၏ အမေးကို အလွယ်တကူပင် အဖြေပေးမိသည် ။

"အစ်ကို့မှာ မင်းနဲ့ နောက်တစ်ကြိမ် ထပ်တွေ့ချင်ပါသေးတယ်ကွယ်
"

စုစုမာက ကျေနပ်သလို ပြုံးလိုက်သည် ။

"အစ်ကိုလို သဘောကောင်းပြီး ရိုးသားတည်ငြိမ်တဲ့ လူတစ်ယောက်နဲ့ ဆုံရတာ ညီမ ဝမ်းသာပါ တယ်။ အစ်ကို အလုပ်အကိုင်တွေ ကြီးပွားတိုးတက်ပါစေလို့ ဆုတောင်းပေးချင်ပါတယ်။ ဒါပေမဲ့ ညီမက ဆုတောင်းတာမျိုးကို မယုံဘူးအစ်ကို။ လက်တွေ့လုပ်မှ အကျိုးရှိတယ်ဆိုတာကို

ယုံတယ်။ ဒီတော့ ဆုမ တောင်းတော့ပါဘူး။ ညီမရဲ့ ဆန္ဒမှာ တော့ အစ်ကို့အလုပ်အကိုင် ကြီးပွားတိုးတက်စေလိုတယ်ဆိုတာ ယုံထားပါ။ ဒီက နေ့ ညီမကို အကူအညီပေးတဲ့ အတွက် တစ်နေ့မှာ တော့ အစ်ကို့ကို ထိုက်ထိုက်တန်တန် ကျေးဇူးတုံ့ပြန်နိုင်ပါလိမ့်မယ်"

စုစုမာ၏ စကားကြောင့် ကိုကိုလေး ပထမဆုံးအကြိမ်အဖြစ် ပြုံးမိသည် ။

"မင်းရဲ့ စိတ်ဆန္ဒ ဘယ်လိုရှိတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ် စုစုမာ။ ဒါပေမဲ့ ကိုယ်က မင်းရဲ့ ကျေးဇူးတုံ့ပြန်မှုကိုခံချင်လို့ ကူညီတာတော့ မဟုတ်ပါဘူး။ မင်းဆီက ဘာမှ မမျှော်လင့်ပါဘူး"

စုစုမာသည် ကိုကိုလေး၏ မျက်နှာကို စောင်းငဲ့ကြည့်လျက်ရှိသည် ။ လမ်းမီးတိုင်များကို ဖြတ်သန်းမောင်းနှင်မိသောအခါ ကားအတွင်းသို့ အလင်းရောင်ပိုမိုဝင်လာသည် ။ တစ်ဦးကိုတစ်ဦး ပိုမို မြင်သာသည် ။ ကိုကိုလေးကလည်း တစ်ခါတစ်ရံအကြည့်ကို လမ်းမဆီမှ လွှဲဖယ်လျက် စုစုမာအား အလွတ်ကျက်မှတ်နေသလို ကြည့်မိလေသည် ။

သိမ်ဖြူလမ်းသို့ ပေါက်ရောက်ခဲ့သည် ။ မီးရထားကုန်းတံတားကို ကျော်ခဲ့သည် ဆိုလျှင်ပင် ဗိုလ်မြတ်ထွန်းလမ်းနှင့် များစွာနီးကပ်နေခဲ့ပြီဖြစ်ပါသည် ။ ခွဲရတော့မှာ ပါကလားဟူသော အသိကို သိလာ သည် ။

"မင်းရဲ့ အိမ်က ဘယ်နေရာမှာ လဲဟင်"

ကိုကိုလေးက လမ်းကိုချိုးကွေ့မဝင်ခင်မေးသည် ။

"လမ်းငါးဆယ်မှာ လေ"

"ဟုတ်ပါပြီ၊ လမ်းငါးဆယ်ရဲ့ ဘယ်နေရာလဲ၊ ဘယ်လမ်းနဲ့ ဘယ်လ

မ်းအကြားမှာ လဲ"

"ဗိုလ်ချုပ်လမ်းနဲ့ လမ်းငါးဆယ်ဆုံတဲ့ ထိပ်မှာ ပဲ ချပေးခဲ့ပါ။ အိမ်ကို ညီမဘာသာ ပြန်ပါ့မယ်"

"မင်္ဂလာဒုံကနေ ဒီအထိကျော် လာပြီးတဲ့ နောက် ဒီလောက်ကလေး ကျမှ တော့ ကိစ္စမရှိပါဘူး။ အိမ်အရောက်ပဲ လိုက်ပို့ပါမယ် စုစုမာ"

"ကိစ္စမရှိပါဘူး အစ်ကို၊ ဒီလောက်နိုပ်စက်ရရင် တော်ပါပြီ။ ညီမကို လမ်းထိပ်မှာ ပဲချထားခဲ့ပါ"

ကိုကိုလေးက လိုက်ပို့ပေးမည်ဟု ထပ်မံပြောမိမည်သို့ ရှိသည် ။ သို့ ရာတွင် ချက်ချင်းမှာ ပင် ခေါင်းအတွင်းသို့ အတွေးဝင်လာသည် ။

စုစုမာအနေနှင့် သူမနေသောအိမ်ကို ကိုကိုလေးအား အသိပေးလိုဟ န်မတူချေ။ ထို့ကြောင့် ငြင်းပယ်နေခြင်းပင် ဖြစ်မည်ထင်သည် ။

ကိုကိုလေးက စိတ်ကိုလျှော့လိုက်ပါသည် ။

စုစုမာပြောသည့်အတိုင်း ဗိုလ်ချုပ်လမ်းနှင့် လမ်းငါးဆယ်ဆုံရာတွင် မော်တော်ကားကို ရပ်လိုက် သည် ။

စုစုမာသည် ကားပေါ်မှ ဆင်းရန်ဟန်ပြင်သည် ။

ယင်းအခိုက်မှာ ပင် တစ်စုံတစ်ခုကို သတိရမိသလို တွေတွေကလေးဖြစ်သွားသည် ။ မျက်တောင် များကို ပုတ်ခတ်ရင်း အ တန်ကြာအောင် စဉ်းစားနေသည် ။ ချီတုံချတုံဖြစ်နေပုံပေါ်သည် ။

နောက်မှ စိတ်ဆုံးဖြတ်လိုက်သလို သက်ပြင်းရှိုက်လိုက်ပါသည် ။ ကို

ကိုလေးအား လှည့်ကြည့် လိုက်သည် ။

"အစ်ကို့ကိုပဲ အကူအညီတောင်းရတော့မှာ ပဲ။ ဒီအိတ်ကြီးနဲ့ ပတ်သက်လို့ ပါ။ အိမ်အရောက် ဆွဲသွားရမှာ လေးလို့ အစ်ကို့ကားထဲမှာ ပဲ ထားခဲ့ပါရစေလားဟင်။ မနက်ဖြန်မနက်ကျမှ လာယူမယ်လေ"

"ထားခဲ့လေ၊ ထားခဲ့ပေါ့"

များ စွာဝန်လေးပြီး ခက်ခဲနိုင်မည်မဟုတ်သော အကူအညီမျိုးဖြစ်၍ ကိုကိုလေးက အလွယ်တကူ လက်ခံလိုက်သည် ။

သို့တိုင်အောင် စုစုမာက မေးခဲ့သေးသည် ။

"အစ်ကို့ကားကို ညဘက်တွေမှာ ဆိုရင် ဂိုထောင်ထဲသွင်းထားတယ် မဟုတ်လားဟင်"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့ လဲ"

"ဩော် အပြင်မှာ ထားတယ်ဆိုရင် အိတ်ကို လူဆွဲသွားမှာ စိုးလို့ ပါ"

"စိတ်ချပါ။ ဂိုဒေါင်ထဲမှာ ထားတဲ့ တိုင် မင်းရဲ့ အိတ်ကို ကားထဲမှာ မထားခဲ့ပါဘူး၊ ကိုယ့်အိပ်ရာ ဘေးမှာ ယူထားမှာ ပါ"

သည် တော့မှ စုစုမာ စိတ်ချလက်ချ ရှိသွားပုံရသည် ။

စုစုမာသည် ပျက်ကျန်ရစ်ခဲ့သော ကားထက်ပင် လက်ဆွဲအိတ်ကို ပို မိုဂရုစိုက်ကြောင်း ကိုကိုလေး အကဲခတ်မိသည် ။

"ညီမ သွားမယ်အစ်ကို"

နှုတ်ဆက်စကားကို ခပ်တိုးတိုးဆိုသည် ။

"ကောင်းပါပြီ"

ကိုကိုလေးကလည်း သည် မျှသာ ပြန်ပြောလိုက်သည် ။

အမျိုးသမီးသည် မော်တော်ကားတံခါးကို ဖွင့်ဆင်းသည် ။ ထို့နောက် တစ်ချက်ကလေးမျှပင် လှည့်ကြည့်ဖော်မရဘဲ လမ်းကို ဖြတ်ကူးသွားသည် ။ လမ်းငါးဆယ်အတွင်း ဝင်သွားသည် ။

ကိုကိုလေးသည် ကားကို ရုတ်တရက်မောင်းမထွက်ခဲ့၊ အမျိုးသမီးကို စောင့်ကြည့်နေမိသည် ။ မျက်တောင်မခတ်မိ၊ မျက်စိတစ်ဆုံးထိ စောင့်ကြည့်နေမိခြင်း ဖြစ်ပါသည် ။

စုစုမာ၏ အသွင်သဏ္ဍာန်ကို အစသော် ထင်ထင်ရှားရှား မြင်ရသည် ။ တစ်စထက်တစ်စ ဝေးကွာ သွားသည် နှင့်အမျှ တဖြည်းဖြည်းမှုန်ဝါး လာကာ အဆုံးတွင် လုံးဝပျောက်ကွယ်သွားသည် ။

ညသည် အလွန်အမင်း တိတ်ဆိတ်နေလေရာ အသွင်သဏ္ဍာန်ပျောက်ကွယ်သွားသည့်တိုင် ဖိနပ် သံကိုကား ကြားမိနေရလေသည် ။ အတော်ကြာမှ လုံးဝပျောက်ကွယ်သွားကာ တိတ်ဆိတ်ခြင်းက ပြန်လည် လွှမ်းမိုးလာသည် ။

မိုးစဲစ ညသည် လုံးဝဥသုံ တိတ်ဆိတ်ငြိမ်သက်ခြင်း၏ လွှမ်းမိုးမှု အောက်တွင် ကျခဲ့သည် ။

အကြောင်းတစ်စုံတစ်ရာကြောင့်ဟု မရေရာသော်လည်း ကိုကိုလေး ရ င် မှ ၁ အလိုလိုမောနေသည် ။ သူသည် သက်ပြင်းတစ်ချက်ကို လေးလံစွာရှိုက်မိသည် ။

၎င်းနောက်တွင် မှ ကားကို လမ်းငါးဆယ်ထိပ်မှ မောင်းထွက်ခဲ့ပါသည် ။

ငယ်စဉ်က အမေ၏ ပုံပြင်ဆုံးလေလျှင် သူအိပ်ပျော်သွားခဲ့သည် ။

ထိုအခါ အမေ၏ ပုံပြင်ကို ပြန်လည်အိပ်မက်မက်လေ့ ရှိခဲ့သည် ။ အိပ်မက်ထဲတွင် ပန်းနတ်သမီး လေးနှင့် ကြုံဆုံရတာ စိတ်ကြည်နူးနေမိသည် ။ ယင်းအခိုက် ရုတ်တရက် အိပ်မက်မှ လန့်နိုးလာရသည် ။ အိပ်မက်ပြယ်လေလျှင် နတ်သမီးလေးကလည်း ကွယ်ပျောက်သွားတော့သည် ။ ရင်မှာ နှမြောတသစိတ် ဖြင့် တသိမ့်သိမ့် တငြိမ့်ငြိမ့် ခံစားရသည် ။

ယင်းကဲ့သို့ပင်ဖြစ်ပါသည် ။ စုစုမာနှင့် ကြုံဆုံနေရသည် မှာ စမ်းချောင်းနံဘေးမှ ပန်းနတ်သမီး ကလေးနှင့် တွေ့ရသည့်ပမာ ဖြစ်သည် ။ စိတ်မှာ ရွှင်ကြည်လန်းဆန်းနေရသည် ။ သို့နှင့်အမျှ အိပ်ရာမှ လန့်နိုးရသည့်နှယ် ခံစားရပြန်သည် ။ သူ၏ ရင်မှာ တသိမ့်သိမ့် တငြိမ့်ငြိမ့်ရှိနေရပါချေသည် ။

စုစုမာ။

သူသည် အသံမထွက်စေဘဲ ရင်ထဲမှ ခေါ်ကြည့်မိသည် ။

အမည်ကိုက ထူးခြားသည် ဟု ထင်သည် ။ ဆန်းဆန်းပြားပြားနာမည်တစ်လုံး မဟုတ်လင့်ကစား ခေါ်၍ ကောင်းသည် ။ တစ်စုံတစ်ခုသော အဓိပ္ပာယ်ကို ဆောင်ယူထားခြင်း မရှိလင့်ကစား နှစ်ခြိုက်ဖွယ် ကောင်းသည် ။

စုစုမာနှင့်ပတ်သက်၍ သူဘာမျှရေရေရာရာမသိ၊ စင်စစ်သည် အမည်ကပင် သူမ၏ အမည်အမှန် ဟုတ်ချင်မှ ဟုတ်မည်ထင်သည် ။ စုစုမာ၏ စကားတိုင်းကိုလည်း သူ ယုံကြည်နိုင်ခြင်း မရှိသေးချေ။

အခြားအရာများ ထက် စုစုမာ၏ မျက်လုံးများကို သံသယဖြစ်မိသည် ။ မျက်လုံးများက တစ်စုံ တစ်ရာကို ကွယ်ဝှက်ထားပြီး ယင်းကွယ်ဝှက်မှုကို ဖုံးလွှမ်းနိုင်အောင် ကြိုးစားနေသည် ဟု ထင်သည် ။ ပါးစပ်မှ ပြော

သမျှကို မုသားတွေသာဖြစ်သည် ဟု မျက်လုံးများက ဖော်ပြနေသလိုရှိသည် ။

မျက်လုံးကလေးတွေကသာ တည်တည်ငြိမ်ငြိမ်ရှိနေခဲ့ပါလျှင် စုစုမာ၏ အလှမှာ အဘက်ဘက်က ပြည့်စုံသော အလှမျိုးဖြစ်မည် အမှန်ပင်။

ယခုတော့လည်း စုစုမာသည် သူမနှင့်ပတ်သက်၍ ဘာတစ်ခုကိုမျှ ရေရေလည်လည်မသိရစေဘဲ ထွက်ခွာသွားခဲ့လေပြီ။ ။

သံသယတော့ရှိသည် ။ သို့ရာတွင် အဘယ်သို့သော သံသယမျိုးဟု အမည်တပ်၍ မရနိုင်သော သံသယကိုသာ ချန်ထားခဲ့သည် ။

ထပ်မံတွေ့ဆုံမည်ဟု ကတိစကားဆိုခဲ့သည် ။ ကတိအတိုင်း ထပ်မံတွေ့ဆုံနိုင်ခွင့် ပေါ်ပေါက်လာ လိမ့်မည်ဟု တထစ်ချမဆိုရဲ။

စုစုမာသည် သူ့အား အသုံးချသွားခဲ့ခြင်းသာ ဖြစ်မည်ဟု ကိုကိုလေး ထင်သည် ။ တဒင်္ဂတွေ့ကြစဉ် ကာလအတွက်သာ ရင်းနှီးကျွမ်းဝင်အောင် ကြိုးစားခဲ့ခြင်းဖြစ်မည်။ နောက်ပိုင်းတွင် မူ သူမအနေနှင့် မိမိအား အလွယ်တကူ မေ့ပျောက်သွားလေမည်သာဟု စဉ်းစားနေမိပါသည် ။

အကယ်၍ လက်ဆွဲအိတ်ကြီးသာ ကားပေါ်တွင် ပါမလာခဲ့လေလျှင် အိပ်မက်မဟုတ်ပါဟု ပြော၍ ရနိုင်မည်မထင်။ စုစုမာနှင့် ပတ်သက်၍ သက်သေခံပစ္စည်းဟူ၍ ယင်းလက်ဆွဲအိတ်သာလျှင် ရှိသည် ။

လက်ဆွဲအိတ်အတွင်းဝယ် အဘယ်သို့သော ပစ္စည်း၊ ပစ္စယတွေပါလာသည် မသိရ။ အိတ်မှာ ကြီးမားလျက် လေးလံပုံရသည် ။

ကားပေါ်တွင် လက်ဆွဲအိတ်ပါလာသည့်အတွက် ကျေနပ်ရသေးသည် ။ စုစုမာနှင့်ကြုံဆုံခွင့် ထပ်မံရရှိရန် အခွင့်အရေးမှာ လက်ဆွဲအိတ်ကြောင့်ပင် မျှော်လင့်ချက်ရှိနေသလို ဖြစ်ပါသည် ။

***

# နှစ်

အခန်း၏ အနံမှာ ပေအစိတ်၊ အလျားမှာ ပေလေးဆယ်နီးပါးရှိသည် ။ ယင်းအကျယ်အဝန်း အတွင်းမှာ ပစ္စည်းပစ္စယတွေ နေရာမလပ်ရှိသည် ။ ခြေချစရာပင် မရှိလောက်အောင်ဖြစ်သည် ။ အရာဝတ္ထုအားလုံးမှာ သံချေး၊ ဆီချေးစသည် တို့ ပေကျံနေသည် ။ အစီအစဉ်စနစ်တကျထား၍ ရနိုင်သောပစ္စည်းမျိုး မဟုတ်၍ လည်း ဖရိုဖရဲနိုင်လှသည် ။

ဤသည် မှာ ကိုကိုလေးမော်တော်ကားပြင် အလုပ်ရုံ၏ မြင်ကွင်းဖြစ်ပါသည် ။ ။

ယင်းအခန်းတွင် ထပ်ခိုးကလေးရှိသည် ။ အထပ်ခိုးမှာ တော်ရုံတန်ရုံအရပ်မြင့်မားသူ တစ်ယောက် အဖို့ ခေါင်းမလွတ်ချင်။ အလင်းရောင်နှင့် လေဝင်ပေါက်နည်းပါးသည် ။ လေဝင် လာပြီဆိုလျှင်လည်း နောက်ဖေးလမ်းကြားဘက်မှ ဖြစ်၍ မြောင်းပုပ်နံ့နံတတ်သေးသည် ။ တစ်ယောက်အိပ်ခုတင်တစ်လုံး၊ ဗီရို တစ်လုံး၊ စာရေးစားပွဲတစ်လုံး၊ စာအုပ်စင်တစ်ခု။ ယင်းပရိဘောဂများ ဖြင့် တန်ဆာဆင်ထားသော အထပ်ခိုးမှာ ကိုကိုလေး၏ အိမ်ဂေဟာ။

အိမ်သို့ပြန်လည်ရောက်ရှိလာလျှင် ကိုကိုလေးသည် ဦးစွာ ကိုယ်မှ ပေကျံနေသော ဆီချေးစသည် တို့ ကို ဆေးကြောသည် ။

သူသည် ဆာလောင်မွတ်သိပ်လျက်ရှိသည် ။ နေ့လယ်ကတည်းက ကော်ဖီတစ်ခွက်၊ ပေါင်မုန့်နှစ် ချပ်ကိုသာ စားရသေးသည် ။ မွတ်သိပ်မှုသည် ဝမ်းဗိုက်ကို နာကျင်လာစေသည် အထိ ဖြစ်ပါသည် ။ စာရေးစားပွဲလည်း ဖြစ်၊ ထမင်းစား စားပွဲလည်း ဖြစ်သော စားပွဲမှာ ထိုင်လိုက်သည် ။ နံနက်ကတည်းက လာပို့ထားခဲ့သော ထမင်းချိုင့်သည် စားပွဲပေါ်မှာ ရှိသည် ။ ချိုင့်အဖုံးများကို လှပ် လိုက်လေလျှင် ဟင်းနံ့ကို ရသည် ။ ဟင်းနံ့မှာ များ စွာ မကောင်းလှ၊ ငြီးစီစီနံနေသည် ။

အဘယ်သို့သော ဟင်းအမယ်ကို ပြောင်းလွဲချက်ပြုတ်သည် ပင်ဖြစ်စေ ထမင်းချိုင့်မှ ဟင်းနံ့မှာ တစ်နေ့တည်းသာနံသည် ။ အမြဲတမ်းလိုလို ငြီးစီစီဖြစ်နေသည် ။

အဆာလွန်ခဲ့ပြီဖြစ်၍ လည်း ထမင်းစားလိုစိတ်မရှိလှ။ ဟင်းနံ့ကိုရသောအခါ ရင်မှ ပြည့်ကယ်လာ လေသလား ထင်မှတ်ရသည် ။ သည် ညအဖို့ ကော်ဖီတစ်ခွက်၊ ကြက်ဥတစ်လုံးလောက်သာ သောက် တော့မည်ဟု ကိုကိုလေး ဆုံးဖြတ်သည် ။

ကိုကိုလေးသည် လျှပ်စစ်ဂေါက်တံဖြင့် ရေနွေးအိုးကျိုသည် ။ ရေနွေးအိုးမဆူမီတွင် တယ်လီဖုန်း ခေါင်းလောင်းသံမြည်လာခဲ့ပါသည် ။ ဘယ်သူများ ပါလိမ့်။ ညသန်းခေါင်ကျော်တွင် အဘယ်သူကများ မိမိထံ ဖုန်းဆက်ချင်ရပါလိမ့်ဟု ကိုကိုလေး တွေးသည် ။

စကားပြောခွက်ကို ကောက်ကိုင်လိုက်သည် ။

"ဟယ်လို"

သူက အသံပြု လိုက်လေလျှင် တစ်ဖက်မှ

"မောင်လား" ဟူသော အမေးကိုကြားရသည် ။ မိန်းကလေးတစ်

ယောက်၏ အသံဖြစ်သည် ။ ။

သြော်-မျိုး၏ အသံပါလား၊ မျိုး၏ အသံကို ကြားရသောအခါ သူ့ရင်မှာ တင်းကျပ်လာသလို ခံစားရသည် ။

"ဟုတ်တယ် ကိုယ်ပါ"

သူက တုံ့ပြန်လိုက်သည် ။

"မျိုး မောင့်ဆီကိုဖုန်းဆက်တာ ဒါပါနဲ့ ငါးခါရှိပြီ"

မျိုးသည် အသံကို တတ်နိုင်သမျှ တိုး၍ ပြောနေသည် ။ လေသံမျှ လောက်သာ ကြားရသည် ။

"ကိုယ့်ဆီကို ဒီအထိ ကြိုးကြိုးစားစား ဖုန်းဆက်တဲ့ အတွက် ကျေး ဇူးတင်ပါတယ် မျိုး"

သူ၏ အသံသည် အနည်းငယ် မာကျောသွားသယောင် ထင်ရသည် ။

"ဒီမယ်၊ မျိုးပြောတာကို နားထောင်စမ်းပါမောင်"

"နားထောင်နေတာပါပဲ"

"မောင့်အသံက သိပ်မာတာပဲကွယ်။ ဘာလဲ မောင် မျိုးကို အခုထက် ထိ စိတ်ကောက်နေတုန်း ပဲလား"

"ကိုယ်ကယောကျ်ားပါ။ စိတ်မကောက်တတ်ပါဘူး။ ဘယ်သူက စိ တ်ကောက်တယ်ဆိုတာ မျိုး အသိဆုံးပါ"

တစ်ဖက်မှ သက်ပြင်းရှိုက်သံကြားရသည် ။

"ထားပါတော့။ ဒီည မောင့်ဆီဖုန်းဆက်တာ ရန်ဖြစ်ရအောင် မဟုတ် ပါဘူး။ ခနဲ့ ရအောင် မဟုတ် ပါဘူး။ သက်ာရှင်းရအောင် မဟုတ်ပါဘူး။ ကောင်းသောစကားပြောခြင်းပါ"

"ဒါဖြစ်ရင်လည်း ကျေးဇူးတင်စရာပဲပေါ့"

"မောင်ကလည်း ကွယ်၊ မျိုးအကြောင်းအသိသားနဲ့ ။ မောင့်အပေါ် မျိုး ဘယ်လောက်ကြာကြာ စိတ်ကောက်နိုင်လို့ လဲ။ ဘယ်လောက်ကြာကြာ စိတ်ကောက်ဖူးလို့ လဲ"

တစ်ဖက်မှ စကားပြောပြီးလျှင် ရယ်နေသည် ။ ကိုကိုလေးကား မရယ်နိုင်။ သူသည် စကားပြော ခွက်ကို ငူငူငိုင်ငိုင်ကြီး ကိုင်ထားမိသည် ။

"မောင်"

"ဟင်"

မျိုးက ခေါ်လိုက်ရာ သူသည် လန့်ဖျပ်၍ ထူးမိသလိုရှိသည် ။

"မျိုးကို ပြောစမ်းပါဦး။ စောစောက မောင် ဘယ်သွားနေသလဲ"

ကိုကိုလေးသည် စိတ်မပါ့တပါဖြင့်ပင် ပဲခူးရှိ မိတ်ဆွေတစ်ဦး၏ အိမ်သို့ မော်တော်ကားပြင်ရန် သွားခဲ့သည် ကို ပြောပြရသည် ။

"မောင့်အလုပ်က ဒီလိုပဲလားဟင်၊ ဒီလိုအမြဲပဲ သွားရတာပဲလား"

"တစ်ခါတလေမှ ပါ။ အထူးသဖြင့်တော့ အခုဟာက ဖောက်သည်လည်း ဖြစ်နေတယ်၊ ရင်းနှီးတဲ့ မိတ်ဆွေလည်း ဖြစ်နေတယ်။ ဒါကြောင့်ပါ။ နို့မဟုတ်ရင်တော့ ကိုယ့်အလုပ်ရုံမှာ ကိုယ်လက်ခံပြီး လုပ်တာ ပါပဲ"

ကိုကိုလေးက စကားဖြတ်လိုက်သည် ။ မျိုးကလည်း အတန်ကြာအောင် စကားမဆို။

"မောင်"

အတန်ကြာလျှင် မျိုးကခေါ်ပြန်သည် ။ ကိုကိုလေးက ပြန်မထူး။

"ဒီကနေ့ မိုးရွာတယ်နော်။ မနက်ဖြန်ဆိုရင် ပိတောက်တွေပွင့်ကြလိမ့်ဦးမယ်ထင်တယ်။ မျိုးတော့ မောင်တို့ ဗိုလ်မြတ်ထွန်းလမ်းက ပိတောက်ပင်တွေမှာ ပိတောက်ပန်းတွေဝေနေအောင်  ပွင့်ဦးမှာ မြင်ယောင်နေမိတယ် မောင်"

မျိုးပြောသလိုပင် ဖြစ်ပါသည် ။

ကိုကိုလေးနေထိုင်ရာ ဗိုလ်မြတ်ထွန်းလမ်းမှာ ပိတောက်ပင်ပေါ်များပါသည် ။ လမ်းဘေးစင်္ကြံ တစ်လျှောက် အစီအရီပေါက်နေသည် ။ ပိတောက်ပွင့်ချိန်ဆိုလျှင် ပိတောက်ပန်းတွေဝေနေအောင် ပွင့်တတ်သည် ။

မျိုးကား ပိတောက်ပန်းကို နှစ်သက်မြတ်နိုးသူ ဖြစ်သည် ။ ပိတောက်ပွင့်ပြီဆိုလျှင် တစ်ခေါင်း လုံးမှာ ပိတောက်ဖြင့် ဖုံးဖိမိမတတ်ရှိအောင် ပန်တတ်သည် ။ စာအုပ်တွေကြားမှာ ပိတောက်ပန်းကို ညှပ်ပြီး အခြောက်ခံထားတတ်သည် ။ သူငယ်ချင်းများ ထံ စာရေးပြီဆိုလျှင် ယင်း ပိတောက်ခြောက် တစ်ပွင့် ထည့်ပေးစမြဲ။

မျိုးနှင့်စကားပြောနေစဉ်အခိုက်  ရေနွေးအိုးမှာ လေချွန်သံကဲ့သို့ အသံမြည်လာသည် ။ မကြာမီ ပွက်ပွက်ဆူလာသည် ။

"မျိုး ခဏနေဦးနော်"

သူက တောင်းပန်ရသည် ။

"ဘာလဲမောင်"

"ရေနွေးအိုးဆူနေလို့ ပါ၊ မီးပိတ်မလို့ ပါ"

ထိုနောက်သူသည် မီးပိတ်သည် ။ တစ်ဆက်တည်းမှာ ပင် ကော်ဖီဖျော်သည် ။ သည် နောက်တွင် မှ ကော်ဖီခွက်နှင့်အတူ စားပွဲမှာ ပြန်ထို

င်သည်။ စကားပြောခွက်ကို ကောက်ယူလိုက်သည်။

"အင်း၊ ပြောတော့"

တစ်ဖက်မှ အသံတော်တော်နှင့်ပေါ်မလာ။

ဦးစွာ သက်ပြင်းရှိုက်သံကို ကြားရသည်။

"မျိုးတော့ စကားဆက်ဖို့ တောင် အားမရှိတော့ဘူး"

"ဘာဖြစ်လဲ"

"တစ်မျိုးပဲလေ၊ မောင်ဟာ မျိုးပြောတာ စိတ်မဝင်စားသလိုပဲ"

"ဝင်စားပါတယ်၊ ပြောသာပြောပါ။ မနက်ကတည်းက ထမင်းမစား ရသေးလို့ ကော်ဖီဖျော် သောက်တာပါ။ အချိန်ကိုလည်း ကြည့်ပါဦး၊ တစ် နာရီခွဲခါနီးနေပြီ"

"ဟုတ်ပါတယ်။ စောစောက မျိုး ဖုန်းဆက်တုန်းကသာ မောင်အိမ်မှာ ရှိနေရင် သိပ်ကောင်းမှာ ပဲ။ ဒီနေ့ မောင့်ကိုပြောစရာတွေ မျိုးမှာ တစ်ပုံတစ်ပင်ကြီးပဲ။ ပြီးတော့လည်း စဉ်းစားကြည့်ပါဦး မောင်ရ ယ်၊ မောင်နဲ့ မျိုးတို့ စကားမပြောရတာ ဒီကနေ့ဆိုရင် ခုနစ်ရက်ရှိပြီ မ ဟုတ်လား။ တစ်ပတ်တောင်ရှိပြီ မဟုတ် လား"

ကိုကိုလေးသည် ကော်ဖီကို တစ်ကျိုက်ကျိုက်ချလိုက်သည်။

မျိုးက စကားဆက်သည်။

"အမှန်တော့ မျိုးအပြစ်နဲ့ မျိုး ခံရတာပါလေ။ မောင်နဲ့ ပတ်သက်ပြီး မတင်းနိုင်ဘဲနဲ့ တင်းခဲ့မိတာ မျိုးရဲ့ အပြစ်ပါ။ မောင်နဲ့ စိတ်ကောက်ပြီး စကားမပြောဘဲနေခဲ့တော့မှ မောင့်ကို ဘယ်အထိတမ်းတရတယ် ဆို တာ သိလာရတော့တယ်မောင်။ မောင့်အပေါ် ဘယ်အထိ သံယောဇဉ်ရှိ

ရတယ်ဆိုတာ အဲဒီတော့မှ နားလည်လာရတော့တယ်"

မျိုးက ခွဲနေပြန်ပါပကောလား။

ကိုကိုလေးသည် မျိုး၏ စကားကို နားထောင်ရင်းပြုံးနေမိလေသည် ။ နာကြည်းစွာ ပြုံးနေမိခြင်း ဖြစ်သည် ။

မျိုးပြောသလို လွန်ခဲ့သောအပတ်ကဆိုလျှင် အခြေအနေမှာ ယခုလို မဟုတ်။ မျိုး၏ စကားသံ သည် လည်း ယခုလိုမချိုသာ၊ မပြောင်းနွဲ့ ။ မျိုးပြောခဲ့သော စကားများက ယခုနှင့်ဆန့်ကျင်နေသည် ။ တခြားစီဖြစ်နေသည် ။

ထိုစဉ်က မျိုး၏ အသံသည် မာသည် ။ ခက်ထန်သည် ။ မျိုးဆိုလိုချက်များက ပြင်းထန်သည် ။ မုန်းပါ၊ မေ့ပါ၊ ရှောင်ကြဉ်ပါတဲ့ ။

စင်စစ်တွင် မူ မျိုးသည် သူ၏ အထီးတည်းသော ချစ်သူ။ လက်သင်စည်ကား၊ ငယ်ရပ်ဝါနှင့် ဆယ်ကျော်သက်က ကျွမ်းချစ်ရလေသူ။

တစ်မြို့တည်းနေကာ တစ်ရေတည်းသောက်ပြီး၊ တစ်ကျောင်းတည်းတက်၍ တစ်တန်းတည်း ပညာသင်ခဲ့ရသူများ ဖြစ်ကြသည် ။

မျိုးကို သူက ချစ်သည် ။ သူ့ကို မျိုးက ချစ်သည် ။

ယခင်ကမူ တစ်ယောက်နှင့် တစ်ယောက်ချစ်သည် ဆိုလျှင်ပင် အရာရာကိစ္စပြီးငြိမ်းပြီဟု ထင်မှတ် ခဲ့ကြသည် ။ ပြဿနာဆိုသည် မှာ တစ်ယောက်ကိုတစ်ယောက် မချစ်ဘဲ နေခြင်းမျိုးသာဟု နားလည်ခဲ့ သည် ။ ထိုစဉ်က အတွေးမကြွယ်ကြသေးသော ကလေးငယ်ဘဝ။

ယခုမူ ပြဿနာဆိုသည် မှာ တစ်ယောက်နှင့်တစ်ယောက်ချစ်နေရုံမျှဖြင့် မပြီးသေးကြောင်း တွေ့လာရသည် ။ ချစ်ခြင်းမေတ္တာ၏ နောက်ကွယ်တွင် အဆွယ်အပွားတွေ မြောက်မြားစွာ ရှိနေသေး ကြောင်း နားလ

ည်လာရသည်။ အသိကြွယ်ကာ အရွယ်ရင့် လာလေလေ ပြဿနာအမျိုးမျိုး၊ ပဋိပက္ခ အထွေထွေတွေ့လာရလေဖြစ်သည်။

ကိုကိုလေးသည် ဘီ၊ အက်စီ အောင်ခဲ့သည်။ သိပ္ပံဘွဲ့ ရခဲ့သည်။ ဆိုပါစို့။

မျိုးသည် လည်း ဝိဇ္ဇာဘွဲ့ ရပြီးသားဖြစ်သည်။ မဟာဘွဲ့ယူရန် ကျောင်းတက်နေဆဲဖြစ်သည်။

မျိုးက ကိုကိုလေးအား ဘွဲ့ထပ်ယူစေချင်သည်။ သို့ပေမဲ့ ပညာကို ငွေနှင့်ဆက်၍ ဝယ်ယူရသော ကာလတွင် ကိုကိုလေးမှာ ယူစရာငွေမရှိ။ သည် သို့ဆိုလျှင် ပန်ကာအောက်မှာ ထိုင်လျက် စားပွဲတစ်လုံးနှင့် ငြိမ်းငြိမ်းချမ်းချမ်းနေရသော အရာရှိဘဝကို ခံယူပါဟု တိုက်တွန်းသည်။ ကိုကိုလေးကား ဆီချေး အထပ်ထပ် ပေကျံနေသော မော်တော်ကားပြင် အလုပ်ရုံအတွင်းမှာ ရောက်နေသည်။

ဤသည် ကပင် မျိုးနှင့်ကိုကိုလေးတို့ အတွက် ရင်ကြားစေ့၍ မရစကောင်းသော ပြဿနာဖြစ်ခဲ့ သည်။ မပြေလည်နိုင်သော ပဋိပက္ခဖြစ်ခဲ့သည်။။

သည် တော့လည်း အရွယ်နုနယ် ငယ်စဉ်ဝယ်လို မဟုတ်တော့။

ငယ်စဉ်က တစ်ယောက်ကိုတစ်ယောက် တစ်နေ့မမြင်ရလျှင် မနေနိုင်။ တစ်ယောက်နှင့်တစ် ယောက် ကြာမြင့်စွာခွဲခွာနေလေ့ မရှိကြ။ အစဉ်လိုပင် တပူးတွဲတွဲရှိခဲ့သည်။ အမြဲလိုပင် နီးနီးကပ်ကပ်နေခဲ့ ကြသည်။

ယင်းသို့နေ လာပြီး ယခုအခါ ကျမှ စိတ်ကောက်ရခြင်း၊ မခေါ်နိုင်မပြောနိုင် ဖြစ်ရခြင်းတို့ ပေါ်ပေါက်လာသည်။ ပျားနှယ်ချိုရာမှ

တမာလိုခါးလာသည် ။

လွန်ခဲ့သောအပတ်က မျိုးနှင့်သူ တယ်လီဖုန်းမှ တစ်ဆင့် စကားပြောခဲ့ကြသည် ။ အပေါက်အလမ်း အဆီအငေါ်မတည့်ခဲ့။ မျိုးက စိတ်ကောက်သွားခဲ့သည် ။ တစ်ပတ်လုံးလုံး တယ်လီဖုန်းမခေါ်။ လူမလာ။ စာမရောက်။ သည် တစ်ခါ အပြီးအပိုင်ပြတ်ကြပြီဟု ထင်မှတ်ရသည် ။

အကယ်၍ မျိုးနှင့်အဆင်ပြေနေမည်။ နာကြည်းဖွယ်စကားများကို မကြားဘဲရှိခဲ့မည်ဆိုလျှင် ကိုကိုလေး၏ စိတ်အာရုံသည် အခြားမည်သည့်အမျိုးသမီးပေါ်မှ ကျရောက်လိမ့်မည် မဟုတ်ပေ။

စုစုမာကို မဆိုထားနှင့် သုဇိတာဆင်း၍ ဖြားယောင်းလျှင်သော်မှ သူ တိမ်းမူးလိမ့်မည် မထင်ပေ။

ယခုမူ မျိုးနှင့် အဆင်မပြေခဲ့။ မျိုးအပေါ် နာကြည်းရခြင်းများကလည်း ရှိနေသည် ။ သည် တွင် သူသည် စုစုမာနှင့်ကြုံရဆုံရသည် ။ စုစုမာ အပေါ် အာရုံရောက်ခဲ့ရသည် ။ စုစုမာ၏ အလှကို ကျက်စားမိခဲ့ သည် ။

တမာလိုခါးသူက ပျားနှယ်ချိုလာသည် ။ ညဥ့်နက်သန်းခေါင်မရှောင်နိုင်တော့ဘဲ မိန်းမသားက စ၍ လာချေသည် ။

"မောင်၊ မျိုးပြောတာတွေ နားထောင်နေသလားဟင်"

မျိုး၏ အသံကြောင့် ကိုကိုလေး၏ အာရုံမှာ ပျံ့လွင့်နေရာမှ ပြန်လည်ငြိမ်သက်သွားသည် ။

"နားထောင်နေပါတယ်"

သူသည် စောစောက မျိုးပြောခဲ့သည် ကို မသိ၊ ရောယောင်၍ ဆိုလိုက်မိသည် ။

"မျိုးကို စိတ်ဆိုးသေးသလားဟင်"

"မဆိုးပါဘူး"

"တကယ်နော်"

"အင်း"

"မျိုးအပေါ် ခွင့်လွှတ်တယ်ပေါ့"

"အင်းပါ"

စကားပြောလိုင်းကြိုးတစ်ဖက်မှ မျိုး၏ ကျေနပ်စွာရယ်မောသံကို ကြားရသည် ။

"အခု ဦးလေးမသိအောင် တိတ်တိတ်ကလေး တယ်လီဖုန်းဆက်ရတာ။ ဦးလေး အိပ်တော့မှ ဆို ပါတော့။ သူတို့ ကတော့ အခုထိ မျိုးကို ကလေးတစ်ယောက်လို ချုပ်ချယ်နေကြတာပဲလေ။ ဒီအသက် အရွယ်အထိတောင် မလွတ်လပ်သေးဘူး။ မောင်အပြင်သွားနေတယ်ထင်လို့ ပဲ ထင်ပါတယ်။ လေးခါအထိ ဆက်ပြီးတော့ စိတ်ပျက်လာမိတယ်။ ဒါပေမဲ့ မိုးကရွာ၊ လေတွေကတိုက်နဲ့ ဆိုတော့ မောင့်အတွက် စိုးရိမ်လာမိတယ်။ ဒါနဲ့ ပဲ အခုချိန်အထိစောင့်ပြီး ဖုန်းဆက်ရတာပါ"

ကိုကိုလေးသည် သမ်းဝေလိုက်သည် ။

လူမှာ နုံးနေသည် ။ အဆာပြေပြီ ဆိုသော်လည်း ရင်ထဲမှာ ဟာဆဲပင်။

"ကိုယ့်အပေါ် စိုးရိမ်ဖော်ရတဲ့ အတွက် ဝမ်းသာပါတယ်မျိုး။ ကိုယ်တစ်ခုပြောချင်တယ်။ ကိုယ်ပင် ပန်းလာတယ်။ အိပ်ချင်တယ်"

"အိပ်ရမှာ ပါ။ စကားပြောစရာတွေ အများကြီးရှိပေမဲ့ နောက်မှ

ပဲပြောတော့မယ်။ ဒီလိုလုပ်ကြ ရအောင်လား မောင်၊ မနက်ဖြန်ကျရင် မောင်နဲ့ မျိုးတို့ ကိုးနာရီခွဲပွဲ ရုပ်ရှင်ကြည့်ကြရအောင်"

"မနက်ဖြန်အားမယ် မထင်ဘူး"

"မနက်ဖြန် တနင်္ဂနွေနေ့လေ။ မောင့်အလုပ်ရုံပိတ်မယ် မဟုတ်လား"

"အရေးတကြီး ပေးရမယ့် ကားတစ်စီးရှိနေတယ်"

"ထားလိုက်စမ်းပါ အဲဒါကို၊ မောင့်မှာ မျိုးထက်အရေးကြီးတဲ့ ကိစ္စ ရှိဦးမှာ လား။ မျိုးက ပြမှာ ပါ မောင်ရယ်။ ပြီးတော့ အဘိုးကြီးလစ်တဲ့ အချိန်နဲ့ လည်း တိုက်ဆိုင်နေလို့ ပါ"

ကိုကိုလေးမှာ တွေဝေနေသည် ။ ရုတ်တရက် မည်သို့အဖြေပေးရမည်ကို မသိတတ်ဘဲရှိသည် ။

မျိုးသည် ဦးလေးဖြစ်သူအိမ်မှာ နေရသည် ။ သူမ၏ မိဘများမှာ နယ်တွင် ရှိသည် ။

မျိုး၏ ဦးလေးသည် စည်းကမ်းကြီးသည် ။ စေ့စပ်သည် ။ မျိုးမိဘများ ရှေ့မှာ မျိုးနှင့်ကိုကိုလေးတို့ အခက်အခဲမရှိခဲ့ပေမဲ့

ဦးလေးရှေ့ကျမှ တစ်ကြိမ်တစ်ခါတွေ့ကြဖို့ ပင် အခက်အခဲကြုံရတတ်သည် ။

"ဘယ့်နှယ်လဲမောင်"

မျိုးက အလောတကြီး မေးလာသည် ။

ကိုကိုလေးသည် သက်ပြင်းရှိုက်လိုက်ပါသည် ။

"ကောင်းပြီလေ၊ မျိုးပြောသလိုပေါ့။ ကိုယ့်အဖို့ မျိုးထက် အရေးကြီးတာ ဒီကမ္ဘာမှာ မရှိဘူးပေါ့"

"အဲဒီလိုလုပ်ပါမောင်ရယ်။ မောင့်ကို မျိုးလာခေါ်မယ်နော်။ ကဲ မောင်အိပ်ပေတော့။ ဂွတ်နိုက်"

"နိုက်"

တစ်ဖက်မှ စကားပြောခွက်ကို ချသွားသည် ။ ကိုကိုလေးကား စကားပြောခွက်ကို ကိုင်ထားမိ ဆဲဖြစ်သည် ။ သတိလက်လွတ်ဖြစ်နေသူပမာ ဖြစ်သည် ။ စကားပြောခွက်မှ စိုးစိုးစီစီ မြည်နေသံများကို နားထောင်နေမိဆဲ ဖြစ်သည် ။

အတော်ကြီးကြာမှ စကားပြောခွက်ကို ချထားလိုက်သည် ။

သူသည် စီးကရက်တစ်လိပ်ကို မီးညှိရှိုက်ဖွာသည် ။ ထိုအခါ စုစုမာနှင့်ပတ်သက်သော အတွေး တို့ သည် လည်း သူ့စိတ်အာရုံသို့ ဝင်စားရောက်ရှိလာပြန်ပါတော့သည် ။

စုစုမာ၏ လက်ဆွဲအိတ်သည် စားပွဲပေါ်မှာ ရှိနေသည် ။

လက်ဆွဲအိတ်ထဲမှာ အဖိုးတန်ပစ္စည်းပါပုံမရ။ ထို့ကြောင့်ပင် တစ်ကြိမ်တစ်ခါသာ တွေ့ဖူးသော သူစိမ်းတစ်ရံဆီထံ ပေးလိုက်ခြင်းဖြစ်မည်ထင်သည် ။

ယင်းသို့ဆိုလျှင် လက်ဆွဲအိတ်ကို လာမှ ယူလေဦးမည်လား။ သည်အတိုင်းပဲ ထားလေတော့ မလား။ မစဉ်းစားတတ်နိုင်ပါချေ။

သူသည် အဘယ်ကြောင့် စုစုမာအား သတိရနေမိပါလိမ့်ဟု စဉ်းစားသည် ။ စုစုမာအနေနှင့် ယခုလောက်ဆိုလျှင် သူ့ကိုမေ့တန်ကောင်းပြီထင်ပါသည် ။ မမေ့သေးသည် ပဲထား၊ သူ့လို တကူးတက သတိရနေမည်မထင်။ ယခုလောက်ဆိုလျှင် စုစုသည် ထွေးနွေးသော အိပ်ရာထက်တွင် အိပ်စက်နားနေ လေပြီ ထင်သည် ။

ထွေးနွေးသော အိပ်ရာထက်တွင် အိပ်စက်နားနေသည် ဆိုပါက တော်သေးသည် ။ ထွေးနွေးသော ရင်ခွင်တစ်ခုအတွင်း ရောက်ရှိနေပြီ ဆိုပါက

ကိုကိုလေး ဆက်လက်မတွေးဝံ့တော့။ ဆက်လက် မစဉ်းစားဝံ့တော့ ။

သို့ပေမဲ့ ယင်းသို့ရှိနေလျှင်ကော၊ သူနှင့် ဘာများ ပတ်သက်ပါသနည်း။ ဘာများ စပ်ဆိုင်ပါနည်း။ သူ့ဘဝနှင့်သူ။ ကိုယ့်ဘဝနှင့်ကိုယ်။

ကိုကိုလေးသည် စီးကရက်ကို ပြာခံခွက်အတွင်း ထိုးလိုက်သည် ။

ခုတင်ပေါ်သို့ ပြောင်းရွှေ့လဲလျောင်းလိုက်သည် ။ ခုတင်ခေါင်းရင်းမှ မီးခလုတ်ကို စမ်းသပ်၍ မီးငြိမ်းလိုက်သည် ။

မျက်လုံးများကို မှေးမှိတ်၍ မရ။ အမှောင်အတွင်း စူးစိုက်ကြည့်နေမိဆဲ။

ထိုအခါ စုစုမာ၏ ရုပ်သွင်သဏ္ဌာန်သည် အမှောင်အတွင်းမှာ ပေါ်လာချေသည် ။ လှပနုနယ် ချစ်စဖွယ် မျက်နှာဝိုင်းကလေး၊ တောက်ပရွှန်းလက် လျှို့ဝှက်ဖုံးကွယ်မှု အရိပ်အယောင်သန်းနေသည့် မျက်ဝန်း။ ဤသည် တို့ ကို မြင်ယောင်သည် ။ ။

မခန့်လေးစားနိုင်ကာ ရယ်ရွှန်းဖတ်ရွှန်းပြောတတ်သည့် စုစုမာ၏ ဝါဝါပွပွအသံကို နားက ကြားယောင်သည် ။

သူသည် မျက်လုံးများကို ကြိုးစားမှေးမှိတ်သည် ။

သို့ပေမဲ့ စိတ်ထဲမှာ မူ ဆုတစ်ခုကို တောင်းနေမိပါသည် ။

ကိုယ့်အိပ်မက်ထဲကို အလည်လာပါဦးလားကွယ်၊ ပန်းနတ်သမီးလေးရယ်။

***